# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ နယုန်လဆန်း (၁၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (19-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အင်ဒိုနီးရှားနိုင်ငံရှိ အာဆီယံအမွေအနှစ်ဥယျာဉ်(ASEAN Heritage Parks-AHP)များသို့ မြန်မာနိုင်ငံမှ သစ်တောဦးစီးမှူးများ သွားရောက်လေ့လာမည်



လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ အလှကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၁၈**

အာဆီယံဒေသတွင်းရှိ နိုင်ငံတို့တွင် ဂေဟစနစ်များဇီဝမျိုးစုံမျိုးကွဲများ၊ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာ စသည့်ထူးခြားစွာတည်ရှိနေသော သဘာဝထိန်းသိမ်းရေး နယ်မြေများကို အာဆီယံအမွေအနှစ်ဥယျာဉ်(ASEAN Heritage Parks-AHP)များအဖြစ် သတ်မှတ် ထိန်းသိမ်းထားလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်များ ကြွယ်ဝလျက်ရှိ၍ အာဆီယံအမွေအနှစ်ဥယျာဉ် ထိန်းသိမ်းရေးလုပ်ငန်းတို့တွင် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရန် ဇွန်လနောက်ဆုံးပတ်၌ အင်ဒိုနီးရှားနိုင်ငံရှိ အာဆီယံအမွေအနှစ်ဥယျာဉ်(ASEAN Heritage Parks-AHP)များသို့မြန်မာနိုင်ငံမှ သစ်တောဦးစီးမှူးများ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

နေပြည်တော်မြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၂၈၇၄၅ ဦးထိ လာရောက်လည်ပတ်ခဲ့ စာမျက်နှာ - ၃

ယခုဘဏ္ဍာနှစ် မေလတွင် ပြည်တွင်းကုမ္ပဏီ ၄၂ ခုက ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ ၇၁၂၇၉ ဒသမ ၅ တန် တင်ပို့ရောင်းချခဲ့ စာမျက်နှာ - ၅

တရားဝင်မှတ်ပုံတင်လုပ်ကိုင်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အစားအသောက် ထုတ်လုပ်သည့်လုပ်ငန်းများကို အများဆုံးလုပ်ကိုင်ဆောင်ရွက်နေ စာမျက်နှာ - ၃

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။ **(မိုး/ဇလ)**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၁၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေး နိုင်ငံသားတိုင်းပါဝင်ပေး

နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ရှိပါသည်။ လက်ရှိတွင် ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ၊ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများ၊ နိုင်ငံတွင်းအကြမ်းဖက်မှုများ၏ လှုပ်ရှားမှုများနှင့်လုံခြုံရေးဆိုင်ရာအခြေအနေများကြောင့် နိုင်ငံတော်ကြီးပြိုကွဲထိခိုက်မသွားစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ မနှောင့်နှေးစေရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားများထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းရေးအတွက် အရွယ်ရောက်သူနိုင်ငံသားတိုင်းက နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ပေသည်။

အဆိုပါနိုင်ငံတော်ကာကွယ်ရေးတာဝန်များကို နိုင်ငံသားတိုင်းကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယင်းဥပဒေကိုအသက်ဝင်စေခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"ဟုလည်းကောင်း၊ ပုဒ်မ-၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

ယခုအခါ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းကြသူများအနက် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီကြသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)နှင့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂)တို့တွင် စစ်ပညာများကို စိတ်အားထက်သန်စွာဖြင့် သင်ယူလျက်ရှိကြပါသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဖြစ်ရာ မိမိနိုင်ငံ၏ ကာကွယ်ရေးအင်အားနှင့် မိမိတို့ပြည်သူလူထု၏ ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာအသိစွမ်းရည်များကို ပြသနိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များသင်ကြားခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်မှု၊ မိမိနိုင်ငံအပေါ် ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်ပါသည်။

နိုင်ငံသမိုင်းကိုကြည့်မည်ဆိုပါက တပ်မတော်သည် အတူတကွယှဉ်ပါလျက် နိုင်ငံတွင်အရေးကြုံတိုင်း ဖေးမထောက်ကူပြုခဲ့ရသည်များမှာ အထင်အရှားဖြစ်သည်။ နိုင်ငံတွင် သဘာဝဘေးအန္တရာယ်မှအစ အကျပ်အတည်းပေါ်တိုင်း တပ်မတော်သည် ရှေ့က မားမားမတ်မတ်ရပ်တည်ခဲ့ရသည်။ ထိုသို့ သမိုင်းအစဉ်အလာကြီးမားသော ပြည်ထောင်စုတပ်မတော်၊ နိုင်ငံ့တပ်မတော်၊ ပြည်သူ့တပ်မတော်နှင့်အတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းခြင်းတွင်ပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၁၈**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲစင်းငုံ(နီ)ကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က ပဲစင်းငုံ(နီ)မှာ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်အနေအထားတွင်သာရှိကြောင်း၊ ယခုလက်ရှိတွင် ပဲစင်းငုံ(နီ)များ မန္တလေးဈေးကွက်အတွင်းဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ ပဲစင်းငုံ(နီ)တွေကို ပြည်ပနိုင်ငံတွေအပြင် ပြည်တွင်းက ကုန်သည်တွေက ဝယ်ယူမှု တော်တော်လေးများလာပြီး ဈေးကွက်ထဲ အရောင်းအဝယ်က အရင်ကထက်ပိုပြီး ကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲစင်းငုံ(နီ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလောလောဆယ်တော့ ပဲစင်းငုံ(နီ)တွေ အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ တရုတ်နိုင်ငံဘက်ကလဲ အခုတစ်လောအဝယ်ပြန်များလာတယ်။ အရင်က တရုတ်နိုင်ငံဘက်ကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲစင်းငုံ(နီ)တွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်နေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများ၊ မန္တလေးမြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိပြီး နိုင်ငံတော်က ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်ကာ အထူးအလေးထား ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများ အားကိုးအားထားပြုနေသည့် ကျန်းမာရေးဝန်ကြီးဌာနရှိ ပြည်သူ့ဆေးရုံကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြင့်တင်ရေးကို ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများ၊ မန္တလေးမြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံမှတာဝန်ရှိသူများက ပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများနှင့်ကျန်းမာရေးစောင့်ရှောက်ပေးမှုများအပေါ် တင်ပြအကြံပြု ဆွေးနွေးပြောကြားကြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြံပြုတင်ပြ ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ပြောကြား၍ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ငါးအမျိုးအစားသုံးမျိုးကို သားဖောက်လုပ်ငန်းဆောင်ရွက်ထား

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ငါးမျိုးစိုက်ထည့်နိုင်ရေး ငါးအမျိုးအစားသုံးမျိုးကို သားဖောက်လုပ်ငန်းဆောင်ရွက်ထားကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

ငါးမျိုးစိတ်များ ပေါများလာစေရေးနှင့် မျိုးသုဉ်းမသွားစေရေးအတွက် သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်များကို ပြုစုမွေးမြူမှုများပြုလုပ်ပြီး နှစ်စဉ်သားဖောက်ပေးကာ မျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း၊ ယခုလက်ရှိ သားဖောက်နေသည့် ငါးမျိုးများမှာ ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ငွေရောင်ငါးကြင်းတို့ဖြစ်ကြောင်း သိရသည်။

"သရက်ကုန်းငါးလုပ်ငန်းစခန်းကနေပြီးတော့ ငါးမျိုးစိတ်တွေကို စမ်းသပ်မွေးမြူပြီးတော့ သားဖောက်ပေးနေပါတယ်။ သားဖောက်ပြီးတော့ မျိုးစိုက်ထည့်ပေးတဲ့လုပ်ငန်းတွေကို နှစ်စဉ်ဆောင်ရွက်ပေးနေပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တမံတွေမှာ ငါးသယံဇာတ ပေါများကြွယ်ဝစေဖို့ပါ။ ဒေသခံရေလုပ်သားတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများစေဖို့ပါ။ ကုန်ကျစရိတ်နည်းနည်းနဲ့ ကိုယ့်နိုင်ငံအတွင်းမှာ ဈေးကွက်ဝင်တဲ့ငါးသားပေါက်တွေကို ထုတ်လုပ်ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဖောက်လုပ်နေတာဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြသည်။

သရက်ကုန်းငါးလုပ်ငန်းစခန်းအနေဖြင့် လက်ရှိအချိန်တွင် ငါးအမျိုးအစားသုံးမျိုးကို သားဖောက်လုပ်ငန်း ဆောင်ရွက်နေသည့်အပြင် ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များကိုလည်း စမ်းသပ်သားဖောက်ဆောင်ရွက်နေခြင်းများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ဦး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြင်းကပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင် ရွေးချယ်မှုသတ်မှတ်ချက်များနှင့် ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာ၌ စီမံကိန်းလုပ်ငန်း ဖော်ဆောင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကိုကျေးရွာပေါင်း ၁၁ ရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၃၀၊ ၈၃ လမ်း -၈၄ လမ်းကြားနေ ဦးသက်ဝေ-ဒေါ်စုကြည်ဦး၊ သား မောင်ခန့်သစ်ထူးဟန် ခေါ် ဒိတ်ဒိတ် မိသားစုက ဆွမ်းအလှူငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။

# နေပြည်မြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၂၈၇၄၅ ဦးထိ လာရောက်လည်ပတ်ခဲ့



**နေပြည် ဇွန် ၁၈**

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် နေပြည်မြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၂၈၇၄၅ ဦးထိလာရောက်လည်ပတ်အပန်းဖြေခဲ့ကြောင်း နေပြည်မြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ဇင်မာမြင့်က ပြောပြသည်။

နေပြည်မြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ ဧပြီလအတွင်းက ခရီးသွားဧည့်သည် ၂၆၇၇၅ ဦးထိသာ လာရောက်လည်ပတ်ခဲ့ပြီး မေလအတွင်း ခရီးသွားဧည့်သည် ၂၈၇၄၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ဥမ္မာဒန္တီအပန်းဖြေကမ်းခြေကို မေလအတွင်း ခရီးသွားဧည့်သည်အယောက် ၂၈၇၀၀ ကျော် လာရောက်လည်ပတ်ခဲ့ပါတယ်။ အရင်လတွေကထက် ခရီးသွားဧည့်သည်တွေများခဲ့ပါတယ်။ လာရောက်လည်ပတ်ခဲ့တဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ရောဝတီတိုင်းဒေသကြီးနဲ့ရန်ကုန်တိုင်းဒေသကြီးက အများဆုံးလာတာ တွေ့ရပါတယ်။ ကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ညအိပ်လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေလဲရှိတယ်။ နေ့ချင်းပြန်လာတဲ့သူတွေလဲ ရှိခဲ့ပါတယ်။ လာတဲ့ခရီးသွားဧည့်သည်တွေ အစစအရာရာ အဆင်ပြေစေဖို့ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်" ဟု နေပြည်မြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ဇင်မာမြင့်က ပြောပြသည်။

နေပြည်မြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအတွက် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် မကျည်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် မကျည်းကိုင်းကျေးရွာအတွက် စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် အမရပူရမြို့နယ် မကျည်းကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၉၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃၇ သိန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၂၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သူသူ**

# တရားဝင်မှတ်ပုံတင်လုပ်ကိုင်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အစားအသောက်ထုတ်လုပ်သည့်လုပ်ငန်းများကို အများဆုံးလုပ်ကိုင်ဆောင်ရွက်နေ

**နေပြည်တော် ဇွန် ၁၈**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မေလထိ တရားဝင်မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အစားအသောက် ထုတ်လုပ်သည့်လုပ်ငန်းများကို အများဆုံးလုပ်ကိုင်ဆောင်ရွက်နေကြောင်း စက်မှုဝန်ကြီးဌာန သတင်းများအရ သိရသည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည့်အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်တွင်းရှိပုဂ္ဂလိကစက်မှုလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခဲ့ရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မေလထိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၄၇၈၉၄ ခုထိ ရှိလာခဲ့ကြောင်း သိရသည်။

ထိုသို့ တရားဝင်မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အစားအသောက်ထုတ်လုပ်သည့်လုပ်ငန်း၊ စက်နှင့်စက်ပစ္စည်းပြင်ဆင်တပ်ဆင်သည့်လုပ်ငန်း၊ သတ္တုသန့်စင်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ အပါအဝင် ပုဂ္ဂလိကစက်မှုလုပ်ငန်း အမျိုးအစားပေါင်း ၂၄ မျိုးပါဝင်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မေလထိ အဆိုပါ တရားဝင်မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းအမျိုးအစား ၂၄ မျိုးတွင် အစားအသောက်ထုတ်လုပ်သည့်လုပ်ငန်းများမှာ အများဆုံးဖြစ်ပြီး အကြီးစားလုပ်ငန်း ၄၁၂၈ ခု၊ အလတ်စားလုပ်ငန်း ၅၈၅၃ ခု၊ အသေးစားလုပ်ငန်း ၁၃၉၆၆ ခု စုစုပေါင်း ၂၃၉၄၇ ခု ရှိနေပြီး အဆိုပါအရေအတွက်သည် မြန်မာတစ်နိုင်ငံလုံးတွင် တရားဝင်မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေသည့်ပုဂ္ဂလိကစက်မှုလုပ်ငန်းအရေအတွက်၏ ထက်ဝက်ကျော်ရှိနေကြောင်း သိရသည်။

SKL



# မင်းတုန်းမင်း၏အလှူတော် တိုက်တော်ကျောင်းနှင့် စံကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

ကုန်းဘောင်ခေတ်တွင် တည်ဆောက်ခဲ့သည့် မြန်မာမှုဗိသုကာလက်ရာ သစ်သားဘုန်းတော်ကြီးကျောင်းများအနက် မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့၏ အလှူတော်ဖြစ်သည့် တိုက်တော်ကျောင်းနှင့် မင်းတုန်းမင်း၏အလှူတော် စံကျောင်းတို့သည် အလွန်ထင်ရှားခဲ့ကြသည်။ တိုက်တော်ကျောင်း၏ အမည်အပြည့်အစုံသည် ဝိသုတာရာမတိုက်၊ မဟာတုလွတ်ဘုံစံဖြစ်၍ စံကျောင်း၏အမည်အပြည့်အစုံမှာ မဟာဇောတိကရာမတိုက်၊ ရတနာဘုံစံကျောင်းဖြစ်သည်။

တိုက်တော်ကျောင်းသည် ရတနာပုံခေတ်တွင် အထင်ရှားဆုံး သာသနာပိုင်ကျောင်းဖြစ်၍ စံကျောင်းသည် မင်းတုန်းမင်းက မိမိ၏ငယ်ဆရာရင်း ဦးစန္ဒိမာအတွက် ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းဖြစ်သည်။ မြန်မာမှုဗိသုကာလက်ရာများနှင့်အတူ အပြောက်အမွမ်းများဖြင့် ခမ်းနားထည်ဝါစွာတည်ရှိခဲ့သည့် ၎င်းကျောင်းအဆောက်အအုံနှစ်ခုစလုံးသည် ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးကြဲခံရကာ စစ်ဘေးစစ်ဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့သည်။

**မင်းတုန်းမင်းနှင့် ရတနာပုံမြို့သစ်**

၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်ထိ ၁၃၃ နှစ်ကြာရှည်ခဲ့သည့် ကုန်းဘောင်ခေတ်တွင် နန်းစံခဲ့သည့် ဘုရင် ၁၁ ပါးအနက် မြို့တည်နန်းတည် ဘုရင်ခြောက်ပါးရှိခဲ့ရာ မင်းတုန်းမင်းသည် နောက်ဆုံးမြို့တည်နန်းတည်ဘုရင်ဖြစ်သည်။

အမရပူရတွင်နန်းစိုက်နေစဉ် မင်းတုန်းမင်းသည် ၁၈၅၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် မန္တလေးရတနာပုံမြို့သစ်ကိုတည်ရန် အမိန့်ချခဲ့သည်။ ထို့ကြောင့် "ရဟန်းပညာရှိ၊ လူပညာရှိများ တင်သွင်းသည့်စာကို သက္ကရာဇ် ၁၂၁၈ ခုနှစ် ပြာသိုလဆန်း ၄ ရက် နံနက်ညီလာခံ၊ မှန်နန်းတော်စနုတော်ဆောင်တွင် သံတော်ဆင့်ရွှေပြည်လယ်အုပ် မင်းလှသိင်္ခသူ၊ ရတနာလေှကားတော်မှူး မင်းလှသီရိဇေယသူတို့ကို ဖတ်လျှောက်သည့်ကာလ အရှင်ဘဝရှင်မင်းတရားကြီးဘုရား ဝမ်းမြောက်တော်မူ၍ မြို့အခမ်းအနားအစီအရင်ခင်း စီရင်ဖွယ်များကို စာဟောင်းစာတမ်းကျမ်းဂန်နှင့်အညီ ပြီးပြေအောင်စီရင်ရမည် အမိန့်တော်ရှိသည့် အမိန့်တော်ကိုလည်း သံတော်ဆင့်ရွှေပြည်လယ်အုပ် မင်းလှသိင်္ခသူ ဖတ်ရမည်"ဟု မန္တလေးမြို့တည်နန်းတည်စာတမ်းတွင် ဖော်ပြထားသည်။

ဘုံကျော်ဆရာတော်ကြီး၊ ရာမပုရောဟိတ်ပုဏ္ဏားကြီးနှင့် ကနောင်မင်းသားတို့သည် မြို့သစ်တည်ရန် သဘောမတူညီကြသော်လည်း မင်းတုန်းမင်းသည် မန္တလေးမြို့ကိုတည်ခဲ့ရာ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၏သုံးသပ်ချက်အရ အမရပူရတွင် ပုဂံမင်းနန်းစံခိုက် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်နှင့်စစ်ဖြစ်ကာ စစ်ရှုံးခဲ့ခြင်း၊ စစ်ရှုံးမင်း နန်းကျခဲ့ခြင်း၊ ပြည်တွင်းပြည်ပ၌ အသရေညှိုးခဲ့ရသည့်နေရာတွင် မင်းအသစ်က မနေလိုခြင်းတို့ကြောင့် မြို့သစ်တည်ခြင်းသည် အကျိုးရှိသည်ဟုဆိုသည်။

ထို့ကြောင့် မန္တလေးရတနာပုံမြို့သစ်တည်မည့် အဝန်းအဝိုင်းကို ရွေးကြိုးသတ်ခဲ့ရာ အရှေ့ဘက်တွင် နတ်ဆိတ်တောင်ရိုး၊ တောင်ဘက်တွင် ဒုဋ္ဌဝတီမြစ်၊ အနောက်ဘက်တွင် ဧရာဝတီမြစ်နှင့် မြောက်ဘက်တွင် မတ္တရာမြစ်တို့ဖြစ်သည်။

ရွှေမြို့တော်ကြီးနယ်မြေကို အရှေ့တောင်ထောင့်တွင် ရွှေစာရံစေတီမှအစပြုကာ အရပ်မျက်နှာစဉ်အတိုင်း သမုတ်ပြဋ္ဌာန်းခဲ့သည်။

မန္တလေးမြို့ရပ်ကွက်များတွင် မန္တလေးမြို့မတည်မီကတည်းကရှိခဲ့သည့် ရှေးဘုရားကျောင်းကန်နေရာများ အများအပြားပါဝင်ခဲ့သည်။ မန္တလေးမြို့ကို တည်ချိန်တွင် မြို့လေးပြင်လေးရပ်၌ ရဟန်းသံဃာများအတွက် ကျောင်းတိုက်များကို ပြကွက်ချ၍တည်ဆောက်ခဲ့သည်။ မြို့မတည်မီက အမရပူရပိုင်နက်တွင်ရှိခဲ့သည့် ကျောင်းတိုက်တချို့သည် မန္တလေးမြို့တည်ပြီးချိန်တွင် မန္တလေးမြို့နယ်နိမိတ်အတွင်း၌ ပါဝင်သွားခဲ့သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီက မန္တလေးတွင်ကျောင်းတိုက်ပေါင်း ၁၇၉ တိုက်၊ ကျောင်းပေါင်း ၁၀၂၇ ကျောင်းရှိကြောင်း ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်ထုတ် တိုးတက်ရေးသတင်းစာတွင် ဖော်ပြခဲ့သည်။ မန္တလေးအရှေ့ဘက်မျက်နှာရှိ ကျောင်းတိုက် ၂၀၊



**မြန်မာမှုဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါခဲ့သည့် တိုက်တော်ကျောင်းကိုတွေ့ရစဉ်။**

မြောက်ဘက်မျက်နှာရှိ ကျောင်းတိုက် ၁၃ တိုက်၊ မန္တလေးအနောက်ပြင်ရှိ ကျောင်းတိုက် ၄၁ တိုက်နှင့် တောင်ပြင်ရှိ ကျောင်းတိုက် ၄၁ တိုက်စာရင်းကို သမိုင်းပညာရှင် ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)က စုစည်း၍ မန္တလေးရပ်ကွက်သမိုင်းစာတမ်းတွင် ဖော်ပြခဲ့သည်။

**မဟာတုလွတ်ဘုံစံတိုက်တော်ကျောင်း**

မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့တည်ဆောက်လှူဒါန်းခဲ့သည့် မဟာတုလွတ်ဘုံစံခေါ် တိုက်တော်ကျောင်းသည် မန္တလေးနန်းတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်အနီး၌ တည်ရှိခဲ့သည်။ မင်းတုန်းမင်းသည် တိုက်တော်ကျောင်းကို မြို့သစ်နန်းသစ်နှင့်အတူ တည်ဆောက်ခဲ့သည်ဟုဆိုကြသည်။ သို့သော် "မြို့၊ ကျုံး၊ စေတီ၊ သိဂ်ီလျှံမောင်း၊ သိမ်ကျောင်းသုဓမ္မာ၊ ရွှေစာအမြုတ်၊ ပိဋကတ်တိုက်၊ သမိုက်မြဲမံ၊ ခုနစ်တန်ကို၊ ဆော်ဖန်အောင်စည်၊ တစ်ပြိုင်တည်"ဟူသည့် မြို့အင်္ဂါခုနစ်ရပ်အတိုင်း (၁)နန်းမြို့၊ (၂)ကျုံး၊ (၃)မဟာလောကမာရဇိန်စေတီ၊ (၄) ပဋ္ဌာန်းမဟာရွှေသိမ်၊ (၅) အတုမရှိကျောင်း၊ (၆) သုဓမ္မာဇရပ်၊ (၇) ပိဋကတ်တိုက်တို့ကို သက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၂ ရက် (၁၈၅၉ ခုနှစ် မေ ၃ ရက်)တွင် တစ်ပြိုင်တည်း ပန္နက်တင်ခဲ့ရာ တိုက်တော်ကျောင်းအမည်မပါဝင်ခဲ့သဖြင့် တိုက်တော်ကျောင်းကို တည်ဆောက်ခဲ့သည့် ခုနှစ်သည် ကွဲလွဲမှုများရှိခဲ့သည်။

သို့သော် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး စာအုပ်၌ "သက္ကရာဇ် ၁၂၁၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ ရက် (၁၈၅၇ ခုနှစ် စက်တင်ဘာ ၁၇ ရက်) နေ့တစ်ချက်တီးကျော် နာရီပြည့်အချိန် မြို့တော်ရှေ့မျက်နှာ ကျုံးထိပ်အရှေ့တွင် သာသနာပြုဆရာတော်ကိုတင်လှူရန် ကျောင်းတော်ပန္နက်ချတွင်းဝင်တိုင်ထူသည်"ဟု မှတ်တမ်းတင်ခဲ့သည်။

မင်းတုန်းမင်းသည် သာသနာပိုင်ဆရာတော် သီတင်းသုံးမည့်တိုက်တော်ကျောင်းကို မြို့တော်အရှေ့ဝင်ပေါက် ဦးထိပ်တံခါးပေါက်တည့်တည့်တွင် တည်ဆောက်ခဲ့သည်။ သာသနာပြုဆရာတော်သည် သာသနာပိုင်ဆရာတော် ဦးဥေယျဓမ္မဖြစ်သည်။ ဆရာတော် ဦးဥေယျဓမ္မသည် သာယာဝတီမင်းလက်ထက် သက်တော် ၄၇ နှစ်၊ ဝါတော် ၂၇ ဝါတွင် သာသနာပိုင်ဆရာတော်ဖြစ်ခဲ့သည်။ မင်းတုန်းမင်းလက်ထက် သက်တော် ၅၃ နှစ်၊ ဝါတော် ၃၃ ဝါတွင် သာသနာပိုင်ဆရာတော်အဖြစ် ထပ်မံခန့်အပ်ခံခဲ့ရသည်။

တိုက်တော်ကျောင်းကို ကျွန်းသစ်များဖြင့် တည်ဆောက်ကာ မဟာရံတံတိုင်းနှစ်ထပ်ဖြင့် ကာရံခဲ့သည်။ ကျောင်းအဆောက်အအုံတွင် သရက်ကင်းလှေကားရှစ်စင်းတပ်ဆင်ခဲ့သည်။ ကျောင်းတိုင်များသည် အမရပူရရွှေနန်းတော်မှသယ်ယူလာသည့် ကျွန်းတိုင်များဖြစ်ကာ စုစုပေါင်း ၃၄၆ တိုင်ဖြစ်ပြီး ကွန်းစင်တိုင်များသည် ပေ ၆၀ မြင့်သည်။ တိုင်ထောက်များကို နရားရုပ်များဖြင့် အလှဆင်ထားပြီး ကျောင်းအတွင်းပိုင်းကို ရွှေပိန်းချခဲ့သည်။ တံခါးတိုင်များကို ရွှေချထားပြီး ကျောင်းဦးပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ကို အပြောက်အမွမ်းများဖြင့် တန်ဆာဆင်ထားသဖြင့် အလွန်ခမ်းနားထည်ဝါခဲ့သည်ဟု ဆိုသည်။

တိုက်တော်ကျောင်းတည်ဆောက်ခဲ့သည့် ဝိသုတာရာမတိုက်တော်ဝင်းတွင် အရံကျောင်း ၂၀ ရှိခဲ့သည်။ ကျောင်းတိုင်ဝင်းသည် နှစ်ပြပတ်လည်ကျယ်ဝန်းခဲ့ရာ တစ်ပြသည် ၅၅၄ ဒသမ ၁ ပေဖြစ်သဖြင့် ၁၁၀၈ ပေပတ်လည်ဖြစ်သည်။ မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့၏အလှူတော်ဖြစ်သည့် တိုက်ကျောင်းသည် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၅ ခုနှစ် မတ် ၁၄ ရက်တွင် ဗုံးဒဏ်ကြောင့်မီးလောင်ပျက်စီးခဲ့ကာ သရက်ကင်းလှေကားလေးစင်းသာ ကျန်ရှိခဲ့သည်။

**မဟာဇောတိကရာမတိုက်၊ ရတနာဘုံစံကျောင်း**

မင်းတုန်းမင်းသည် မိမိ၏ငယ်ဆရာရင်းဖြစ်တော်မူသော ဦးစန္ဒိမာကို သာသနာပိုင်အဖြစ်ခန့်အပ်ခဲ့ခြင်းမရှိချေ။ ထို့ကြောင့် မိမိ၏ဆရာရင်းကို ချီးမြှောက်ရန် ရတနာဘုံစံကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ မြန်မာဘုရင်များသည် မိမိတို့ဘုရင်မဖြစ်မီက ကိုးကွယ်ခဲ့သည့် ဆရာတော်တစ်ပါးပါးကို ဘုရင်ဖြစ်လာချိန်တွင် သာသနာပိုင် ခန့်အပ်လေ့ရှိခဲ့သည်။

ထို့ကြောင့် မင်းတုန်းမင်းဘုရင်ဖြစ်လာချိန်တွင် မင်းတုန်းမင်း၏ ငယ်ဆရာတော် ဦးစန္ဒိမာပင် သာသနာပိုင်ဆရာတော်ဖြစ်လာမည်ဟု အများကခန့်မှန်းခဲ့ကြသည်။ သို့သော် ဆရာတော်ဦးစန္ဒိမာသည် သာသနာပိုင်ဖြစ်သင့်သည့် စာပေပရိယတ္တိပြည့်စုံမှုမရှိသဖြင့် မင်းတုန်းမင်းက သာသနာပိုင်မခန့်အပ်ခဲ့ချေ။

မင်းတုန်းမင်းသည် ဆရာတော်ဦးစန္ဒိမာကို သာသနာပိုင်မခန့်အပ်ခဲ့သော်လည်း ဆရာတော်အတွက် အမရပူရမြို့ ရွှေနန်းတော်မြောက်ဘက်ရှိ တက်သေးအင်း(ယခု မန္တလေးကန်တော်ကြီး) ဘေးရှိ ရေနန်းတော်အဆောက်အအုံကိုဖျက်သိမ်းကာ ရတနာဘုံစံကျောင်းကို တည်ဆောက်လှူဒါန်းခဲ့သည်။

ရတနာဘုံစံကျောင်းတွင် အရံကျောင်း ၂၀ ရှိ၍ မဟာရံတံတိုင်း နှစ်ထပ်ကာရံခဲ့သည်။ ကျောင်းဦးပြာသာဒ်ကို ၁၆ ထောင့် ပြာသာဒ်ရှစ်ခုတင်၍ ဘုရင်တည်ဆောက်သည့်ကျောင်းအင်္ဂါများပြည့်စုံစွာ ထည့်သွင်းခဲ့သည်။ ဆောင်မကြီးသည် ပြာသာဒ်သုံးဆောင်ပါရှိ၍ သရက်ကင်းလှေကားရှစ်စင်း တပ်ထားသည့် ရတနာဘုံစံကျောင်းတော်တစ်ကျောင်းလုံးကို ရွှေပိန်းချခဲ့သည်ဟုဆိုသည်။

ရတနာဘုံစံကျောင်း၏ထူးခြားချက်သည် ကျောင်းမြောက်ဘက်၌ စကြံပြာသာဒ်သုံးဆောင်ဆောက်လုပ်ထားခြင်းဖြစ်သည်။ ရတနာပုံခေတ်တွင် ပြာသာဒ်သုံးဆောင်တွဲတည်ဆောက်သည့် ဘုန်းကြီးကျောင်းအဆောက်အအုံသည် မင်းတုန်းမင်း တည်ဆောက်လှူဒါန်းခဲ့သည့် ရတနာဘုံစံကျောင်းနှင့် သီပေါမင်း၏မိဖုရားခေါင်စုဖုရားလတ် တည်ဆောက်လှူဒါန်းခဲ့သည့် အရှေ့မှန်ကျောင်းတို့သာရှိခဲ့သည်။

**မူလရေနန်းတော်**

ရတနာဘုံစံကျောင်း၏ မူလအဆောက်အအုံဖြစ်သည့် ရေနန်းတော်သည် တက်သေးအင်းတွင် တည်ရှိခဲ့သည်။ ရေနန်းတော်သည် နှစ်စဉ်ရေသဘင်ပွဲတော်ရက်များတွင် မင်းတုန်းမင်း၏နောင်တော် ပုဂံမင်း(၁၈၄၆-၁၈၅၃)နန်းစံခဲ့သည့် အဆောက်အအုံဖြစ်သည်။ ပုဂံမင်းသည် ခမည်းတော် သာယာဝတီမင်းတည်ဆောက်ခဲ့သည့်ရေနန်းတော်အဆောင်များကိုဖျက်၍ အဆောင်တော်မှုသစ်များဖြင့် ဆောက်လုပ်ခဲ့သည့် ကျောင်းငါးကျောင်းကို ၁၈၅၀ ပြည့်နှစ် ဧပြီ ၁၇ ရက်တွင် ဆရာတော်များကို တင်လှူခဲ့သည်။ အသစ်တည်ဆောက်ခဲ့သည့်ရေနန်းတော်ကို ၁၈၅၀ ပြည့်နှစ် မေ ၂၃ ရက်တွင် အပြောက်အမွမ်းများတင်ခဲ့သည်။

ရေနန်းတော်အဆောက်အအုံများကို ဘုန်းကြီးကျောင်းများကဲ့သို့ ဘုံခုနစ်ဆင့်ပြာသာဒ်တင်ခဲ့သည်။ ၁၈၅၅ ခုနှစ်က ဗြိတိန်ဓာတ်ပုံဆရာ **Linnaeous Tripe** ရိုက်ကူးခဲ့သည့် ရေနန်းတော်ဓာတ်ပုံတွင် ရေနန်းတော်အဆောက်အအုံကို ရေများဝိုင်းနေကြောင်းတွေ့ရှိနိုင်သည်။ ပုဂံမင်းသည် လှေပြိုင်ပွဲများကို ရေနန်းတော်ထက်မှ ကြည့်ရှုအားပေးခဲ့သည်။

ပုဂံမင်း၏ရေနန်းတော်ကို မင်းတုန်းမင်းက ၁၈၅၈ ခုနှစ်တွင်ဖျက်သိမ်း၍ ရတနာဘုံစံကျောင်းကို တည်ဆောက်ခဲ့ရာ ၎င်းကျောင်းသည်လည်း ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဒဏ်သင့်ကာ ပျက်စီးခဲ့ပေသည်။

**ကိုးကား**

- **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)**
- **မန္တလေးရပ်ကွက်သမိုင်း (ဦးမောင်မောင်တင်၊ မဟာဝိဇ္ဇာ)**
- **ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ(ညဏ်လင်းတင့်)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ယခုဘဏ္ဍာနှစ် မေလတွင် ပြည်တွင်းကုမ္ပဏီ ၄၂ ခုက ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ၇၁၂၇၉ ဒသမ ၅ တန် တင်ပို့ရောင်းချခဲ့

**ရန်ကုန် ဇွန် ၁၈**

ယခုဘဏ္ဍာနှစ် မေလတွင် ပြည်တွင်းကုမ္ပဏီ ၄၂ ခုက ပြည်ပသို့ဆန်နှင့်ဆန်ကွဲ ၇၁၂၇၉ ဒသမ ၅ တန် တင်ပို့ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။



မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိရာ ယခုဘဏ္ဍာနှစ် မေလတွင် ပြည်တွင်းဆန်တင်ပို့သည့် ကုမ္ပဏီ ၄၂ ခုက ဆန်နှင့် ဆန်ကွဲ ၇၁၂၇၉ ဒသမ ၅ တန် တင်ပို့ရောင်းချခဲ့ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချရာတွင် ဆန် ၃၅၃၃၈ ဒသမ ၅ တန်နှင့် ဆန်ကွဲ ၃၅၉၄၁ တန် စုစုပေါင်း ဆန်နှင့် ဆန်ကွဲ ၇၁၂၇၉ ဒသမ ၅ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန်ကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၂၄ နိုင်ငံ၊ ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၁၅ နိုင်ငံ စုစုပေါင်း ဆန်နှင့်ဆန်ကွဲကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၃၉ နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ ဆန်နှင့်ဆန်ကွဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချခဲ့ရာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့်ဆန်ကွဲ ၇၀၇၅၁ ဒသမ ၅ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့် ဆန်ကွဲ ၅၂၈ တန် စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ၇၁၂၇၉ ဒသမ ၅ တန် တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချခဲ့ရာတွင် ဆန်ကို အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၈၃၅၀ ဖြင့် အများဆုံး တင်ပို့ရောင်းချခဲ့ပြီး တရုတ်နိုင်ငံသို့ တန်ချိန် ၂၂၄၄ တန်ဖြင့် ဒုတိယအများဆုံး၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၂၁၂၅ တန်ဖြင့် တတိယအများဆုံး၊ ကင်မရွန်းနိုင်ငံသို့ တန်ချိန် ၂၀၀၀ ဖြင့် စတုတ္ထအများဆုံးနှင့် လစ်သူယေးနီးယားနိုင်ငံသို့ တန်ချိန် ၁၉၂၅ တန်ဖြင့် ပဉ္စမအများဆုံး တင်ပို့ရောင်းချခဲ့ကြောင်း၊ ထို့အတူ ဆန်ကွဲကိုလည်း တရုတ်နိုင်ငံသို့ တန်ချိန် ၂၃၈၁၆ တန်ဖြင့် အများဆုံး၊ ဘယ်လ်ဂျီယံနိုင်ငံသို့ တန်ချိန် ၂၇၀၀ ဖြင့် ဒုတိယအများဆုံး၊ အမေရိကန်နိုင်ငံသို့တန်ချိန် ၂၆၀၀ ဖြင့် တတိယအများဆုံး၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၃၄၀ ဖြင့် စတုတ္ထအများဆုံးနှင့် ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၁၇၀ ဖြင့် ပဉ္စမအများဆုံး တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။ (၃၃၆)

# တက်ကြွရှင်လန်း ပြည်သူ့စစ်မှုထမ်း

\- ကမ္ဘာမှာ မြန်မာဟော့
မမေ့ကြဖို့ လိုပေတာ၊
နိုင်ငံတော် ကာကွယ်ရေး
တာဝန်ပေးကာ၊
ပြည်သူ့စစ်မှုထမ်းတို့ ပေါ်ထွက်လာ
စိတ်ဓာတ်မှာ သံမဏိ၊
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
ကောင်းကျိုးများ၏။

\- လူငယ်တွေ တက်ကြွလှုမ်း
သင်တန်းများ တက်လေပြီ၊
လေ့ကျင့်လိုက်နာ ကျင့်ကြံပွား
အားရဖွယ်ညီ၊
အနာဂတ်အတွက် မျှော်မှန်းရည်
မြန်မာပြည် ကာကွယ်ရေး၊
လူငယ်တွေ စွမ်းအားမြင့်မှ
ဂုဏ်တင့်မယ်လေး။

\- စိတ်ဓာတ်မှာ အလွန်ကောင်း
စုပေါင်းလို့ ဆောင်ရွက်အတူ၊
စည်းကမ်းမှာ မဏ္ဍိုင်တစ်ခု
အောင်မြင်မှုယူ၊
နိုင်ငံတော်နှင့် များပြည်သူ
သစ္စာတူ စောင့်ထိန်းစို့၊
ဒို့တာဝန် အရေးသုံးပါး
ဦးထိပ်ထားလို့။

\- မွေးရာပါ တာဝန်တစ်ခု
အခြေပြုလို့ ထမ်းရွက်နေ၊
ကိုယ့်နိုင်ငံ ကိုယ်စောင့်ရှောက်
ဝမ်းမြောက်သလေ၊
အပြုံးပန်းတို့ တဝေဝေ
စွမ်းရည်တွေ ပြည့်ဝထား၊
ပြည်သူကို ကာကွယ်ပြုမယ့်
(တို့ပြည်သူ့)
စစ်မှုထမ်းများ။ ။

**အာကာမောင်မောင်**

# ဝမ်းတွင်းမြို့နယ် လိပ်တက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ရေတွင်းကျေးရွာအုပ်စု လိပ်တက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လိပ်တက်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၇ ဦးကို ငွေကျပ် ၃၇ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ရှစ်သန်းနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကိုရန်ပုံငွေကျပ် ၅၀ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင် မြောက်ကိုရီးယားနိုင်ငံသို့ ယခုလအတွင်း သွားရောက်မည်

**မော်စကို ဇွန် ၁၈**

ရုရှားသမ္မတ ပူတင်သည် ဇွန် ၁၈ ရက်မှ ၁၉ ရက်ထိ မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့သွားရောက်မည်ဖြစ်ကြောင်း ရုရှားနှင့် မြောက်ကိုရီးယား တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ရုရှားသမ္မတပူတင်၏ အဆိုပါ ခရီးစဉ်သည် ၂၄ နှစ်တာကာလအတွင်း ရုရှားသမ္မတတစ်ဦး၏ ပထမဆုံးမြောက်ကိုရီးယားခရီးစဉ်ဖြစ်သည်။

မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့ကြား အနောက်အုပ်စုနိုင်ငံများက ထိန်းချုပ်နိုင်မှုမရှိသည့် ကုန်သွယ်ရေးနှင့် လုံခြုံရေးစနစ်များ တည်ဆောက်မည် ဖြစ်ကြောင်း မြောက်ကိုရီးယားသို့ မထွက်ခွာမီ ရုရှားသမ္မတပူတင်က ကြေညာခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြီးခဲ့သည့်နှစ်စက်တင်ဘာလအတွင်း ရုရှားအရှေ့ဖျားဒေသ၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြောက်ကိုရီးယားသို့ လာရောက်ရန် တရားဝင် ဖိတ်ကြားခဲ့ကြောင်း သိရသည်။

သမ္မတပူတင်၏ ခရီးစဉ်အတွင်း ရုရှားနှင့်မြောက်ကိုရီးယားတို့အနေဖြင့် လုံခြုံရေးကိစ္စများလည်းပါဝင်မည့် နှစ်နိုင်ငံမိတ်ဖက်သဘောတူညီချက်တစ်ရပ်လက်မှတ်ရေးထိုးဖွယ်ရှိကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ၂၀၀၀ ပြည့်နှစ် ဇူလိုင်လတွင် မြောက်ကိုရီးယားနိုင်ငံသို့ နောက်ဆုံးတစ်ကြိမ်ရောက်ရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## သမ္မတရာထူးပြန်လည်ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် တောင်အာဖရိကသမ္မတ ရာမာဖိုဆာကို ရုရှားသမ္မတပူတင် ဂုဏ်ပြု



**မော်စကို ဇွန် ၁၈**

တောင်အာဖရိကသမ္မတအဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခံခဲ့ရသည့် သမ္မတရာမာဖိုဆာကို ရုရှားသမ္မတပူတင်က ယနေ့တွင် ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်ထားသည်။

သမ္မတပူတင်သည် ယနေ့တွင် တောင်အာဖရိကသမ္မတ ရာမာဖိုဆာကို ဖုန်းခေါ်ဆို၍ တောင်အာဖရိကသမ္မတရာထူးထပ်မံရရှိခဲ့သည့်အတွက် ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း ရုရှားအစိုးရသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တောင်အာဖရိကသမ္မတရာမာဖိုဆာကို သမ္မတရာထူးဒုတိယသက်တမ်းအတွက် တောင်အာဖရိကလွှတ်တော်က ဇွန် ၁၄ ရက်တွင် ထပ်မံရွေးကောက်တင်မြှောက်ခဲ့သည်။

သို့သော် သမ္မတ ရာမာဖိုဆာ၏ အာဖရိကန်အမျိုးသားကွန်ဂရက်ပါတီကမူ ပြီးခဲ့သည့်လအတွင်း ကျင်းပခဲ့သော တောင်အာဖရိကလွှတ်တော်ရွေးကောက်ပွဲ၌ နှစ်ပေါင်း ၃၀အတွင်း ပထမဆုံးအကြိမ်အဖြစ် အမတ်နေရာအများစုဖြင့် ရပ်တည်နိုင်စွမ်းကို ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

သို့ဖြစ်ရာ အာဖရိကန်အမျိုးသားကွန်ဂရက်ပါတီ အနေဖြင့် အခြားပါတီများနှင့် ပူးပေါင်း၍ ညွန့်ပေါင်း အစိုးရဖွဲ့စည်းခဲ့ရသည့် အခြေအနေသို့ ရောက်ခဲ့ရသည်။

တောင်အာဖရိက နိုင်ငံသည် အခြားအာဖရိကနိုင်ငံအများအပြားကဲ့သို့ပင် ဆိုဗီယက်ပြည်ထောင်စုခေတ်ကပင် ရုရှားနှင့်ဆက်ဆံရေး ခိုင်မာခဲ့သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဘရစ်အုပ်စု၌အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရေးအတွက် မလေးရှားနိုင်ငံပြင်ဆင်




**ကွာလာလမ်ပူ ဇွန် ၁၈**

စီးပွားရေးအင်အားကြီး နိုင်ငံသစ်များ ပါဝင်ဖွဲ့စည်းထားသော ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်)၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရေးအတွက်မလေးရှားနိုင်ငံက ပြင်ဆင်နေကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် မလေးရှားနိုင်ငံကပြင်ဆင်နေမှုကို မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က တရုတ်မီဒီယာတစ်ခုနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း၌ အတည်ပြုခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ဘရစ်အုပ်စု၌ မလေးရှားနိုင်ငံ အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ဆုံးဖြတ်ထားကြောင်း၊ ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးလုပ်ငန်းစဉ်ကို မကြာမီကာလအတွင်း မိမိတို့စတင်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်က ဇွန် ၁၆ ရက်တွင် ထုတ်လွှင့်ခဲ့သော တွေ့ဆုံမေးမြန်းခန်း၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ဘရစ်အုပ်စုသည် မူလက ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံတို့ဖြင့်ဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်သည်။

သို့သော် ပြီးခဲ့သည့်နှစ်တွင် ဘရစ်အုပ်စုသည် အဖွဲ့ဝင်အင်အားထပ်တိုးခဲ့ရာ ဆော်ဒီအာရေဗျ၊ အီရန်၊ အီသီယိုးပီးယား၊ အီဂျစ်၊ အာဂျင်တီးနားနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့ အဖွဲ့ဝင်နိုင်ငံသစ်များ ဖြစ်လာခဲ့ကြသည်။

ထို့ပြင် အခြားကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်တို့ကလည်း ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် စိတ်ဝင်စားနေကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တရုတ်ရေတပ် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော ထိုင်ဝမ်ရေလက်ကြားရေပြင်၌ပေါ်ထွက်လာ

**တိုင်ပေ ဇွန် ၁၈**

ထိုင်ဝမ်ရေလက်ကြား ရေပြင်အတွင်း တရုတ်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီး ရေပေါ်၌ပေါ်ထွက်လာပြီးနောက် အခြေအနေကို စောင့်ကြည့်နေကြောင်းတရုတ်(တိုင်ပေ)တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ တရုတ်ရေတပ်ရေငုပ်သင်္ဘောသည် တရုတ်(တိုင်ပေ) အနောက်ဘက် ကမ်းရိုးတန်းနှင့် ၁၂၅ မိုင်ခန့်အကွာ ထိုင်ဝမ်ရေလက်ကြားရေပြင်အတွင်း ပေါ်ထွက်လာခြင်းဖြစ်ပြီး တရုတ်(တိုင်ပေ)ငါးဖမ်းသင်္ဘောများက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း တရုတ်(တိုင်ပေ)မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်ရေတပ်ရေငုပ်သင်္ဘော ထိုင်ဝမ် ရေလက်ကြားအတွင်း ပေါ်ထွက်လာပြီးနောက် မိမိတို့အနေဖြင့် အခြေအနေအရပ်ရပ်ကို စောင့်ကြည့်နေကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပြောကြားချက်၌ ဖော်ပြထားသည်။

သို့ရာတွင် ထိုင်ဝမ်ရေလက်ကြားရေပြင်အတွင်း ရှိနေသော တရုတ်နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောအား မည်သို့မည်ပုံ စောင့်ကြည့်နေသည်ကို တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

ထိုင်ဝမ်ရေလက်ကြားအတွင်း ပေါ်ထွက်လာသည့် တရုတ်ရေတပ်ရေငုပ်သင်္ဘောမှာ နျူကလီးယားဒုံးကျည်များ တပ်ဆင်ထားသည့် ရေငုပ်သင်္ဘော အမျိုးအစားဖြစ်နိုင်ကြောင်း သိရသည်။

တရုတ်ရေတပ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီး ထိုင်ဝမ် ရေလက်ကြားအတွင်း ရောက်ရှိနေမှုသတင်းနှင့်ပတ်သက်၍ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။**Ref : RT**
**Trs : KKO**

## မြေထဲပင်လယ်ရေပြင်အတွင်း ရေယာဉ်နစ်စီးနစ်မြုပ် ရွှေ့ပြောင်းဝင်ရောက်သူ ၁၁ ဦးသေဆုံး၍ ၆၄ ဦး ပျောက်ဆုံး



**ရောမ ဇွန် ၁၈**

အီတလီနိုင်ငံတောင်ပိုင်းကမ်းရိုးတန်းကမ်းလွန်မြေထဲပင်လယ်ရေပြင်အတွင်း ဇွန် ၁၇ ရက်က ရေယာဉ်နှစ်စီးနစ်မြုပ်ခဲ့ရာ ရွှေ့ပြောင်းဝင်ရောက်သူ ၆၄ ဦး ပျောက်ဆုံး၍ ၁၁ ဦး သေဆုံးခဲ့ရသည်။

အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်းအနီးဖြစ်ပွားခဲ့သော ရေယာဉ်နစ်မြုပ်မှုတွင် ဂျာမနီကယ်ဆယ်ရေးသမားများက ရုပ်အလောင်း ၁၀ လောင်းရှာဖွေတွေ့ရှိခဲ့ပြီး လူပေါင်း ၅၁ ဦးကို ကယ်တင်နိုင်ခဲ့သည်။

ဒုတိယမြောက် ရေယာဉ်နစ်မြုပ်မှုမှာ အီတလီနိုင်ငံ ကာလာဘရီရာဒေသကမ်းလွန် ၁၂၅ မိုင်အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါရေယာဉ်နစ်မြုပ်မှုတွင် လူပေါင်း ၁၁ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း လူပေါင်း ၆၄ ဦးတို့ ပျောက်ဆုံးနေကြောင်းကုလသမဂ္ဂအေဂျင်စီများက သတင်းထုတ်ပြန်ထားသည်။

သို့သော် ယင်းရေယာဉ်နစ်မြုပ်မှုအတွင်း ကယ်ဆယ်နိုင်ခဲ့သူ ၁၁ဦးအနက် တစ်ဦးမှာ နောက်ပိုင်းတွင် သေဆုံးခဲ့ရကြောင်းကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားထားသည်။

မြေထဲပင်လယ် ဒေသသည် ရွှေ့ပြောင်းဝင်ရောက်သူများအတွက် ကမ္ဘာ့အန္တရာယ် အကြီးဆုံးလမ်းကြောင်းများထဲတွင်ပါဝင်ပြီး ၂၀၁၄ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ မြေထဲပင်လယ်လမ်းကြောင်း၌ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူဦးရေ ၂၃၅၀၀ကျော်ထိ ရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## လူဇင်ဘတ်နိုင်ငံအခြေစိုက် SES ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီ၏ဂြိုဟ်တုသစ်တစ်စင်းကို Space-X ကုမ္ပဏီက ဇွန် ၁၈ ရက်တွင် လွှတ်တင်ရန်ပြင်ဆင်နေ



**ဝါရှင်တန် ဇွန် ၁၈**

လူဇင်ဘတ်နိုင်ငံ အခြေစိုက် SES ဂြိုဟ်တုဆက်သွယ်ရေး ကုမ္ပဏီ၏ ဂြိုဟ်တုသစ်တစ်စင်းကို အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီက ယနေ့တွင် လွှတ်တင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

အက်စထရာ-၁ ပီ အမည်ရှိ အဆိုပါရုပ်သံထုတ်လွှင့်မှုဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် Space-X အာကာသနည်းပညာ ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

အက်စထရာ-၁ ပီ ဂြိုဟ်တုမစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီက ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ၂၀၂၄ ခုနှစ်အတွင်း လွှတ်တင်မည့် ၄၅ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အက်စထရာ-၁ ပီ ဂြိုဟ်တုမစ်ရှင်သည် Space-X ကုမ္ပဏီ၏ ၆၁ ကြိမ်မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် အက်စထရာ-၁ ပီ ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် မိုင်ပေါင်း ၂၂၀၀၀ ကျော်အကွာတွင် နေရာယူ၍ ရုပ်သံဝန်ဆောင်မှု လုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

SES ဂြိုဟ်တုကုမ္ပဏီသည် အက်စထရာအုပ်စုဝင်ဂြိုဟ်တုများကို ၁၉၈၈ ခုနှစ်တွင် စတင်လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာ၏ လကမ္ဘာကင်းထောက်အာကာသယာဉ် (LRO)က ချန်အာ-၆ မစ်ရှင်လဆင်းယာဉ်ကို ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိခဲ့

**ဝါရှင်တန် ဇွန် ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ လကမ္ဘာကင်းထောက်အာကာသယာဉ် (LRO) သည် တရုတ်နိုင်ငံက လွှတ်တင်ထားသည့် ချန်အာ-၆ မစ်ရှင်လဆင်းယာဉ်ကို ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၁၇ ရက်သတင်းများအရ သိရသည်။

LRO အာကာသယာဉ်သည် အချင်းမီတာ ၅၀ ရှိသည့် ဥက္ကာချိုင့်ဝှမ်းတစ်ခု၏ အနားစွန်း၌ ချန်အာ-၆ လဆင်းယာဉ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

နာဆာတာဝန်ရှိသူများ၏အဆိုအရ LRO အာကာသယာဉ်သည် ချန်အာ-၆ လဆင်းယာဉ်ကို ဇွန် ၇ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ချန်အာ-၆ မစ်ရှင်လဆင်းယာဉ်သည် ဇွန် ၂ ရက်တွင် လမျက်နှာပြင် အခြားဘက်ခြမ်းသို့ အောင်မြင်စွာဆင်းသက်ခဲ့ကြောင်း သိရသည်။

၎င်းလဆင်းယာဉ်သည် လမျက်နှာပြင် အခြားဘက်ခြမ်းရှိ လကမ္ဘာကျောက်သားနမူနာများကို အောင်မြင်စွာ ရယူထားပြီးဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၆ မစ်ရှင်ကို မေ ၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နဂါးငွေ့တန်းကြယ်စုကို အလွန်တရာမြင့်မားသည့် အလျင်နှုန်းဖြင့် ဖြတ်ကျော်နေသည့် ကြယ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇွန် ၁၈**

နဂါးငွေ့တန်းကြယ်စုကိုအလွန်တရာ မြင့်မားသည့် အလျင်နှုန်းဖြင့် ဖြတ်ကျော်နေသည့် ကြယ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၁၇ ရက် သတင်းများအရ သိရသည်။

CWISE J 124909 အမည်ရှိ အဆိုပါကြယ်သည် တစ်နာရီလျှင် ကီလိုမီတာ ၁ ဒသမ ၆ သန်းနှုန်းဖြင့် နဂါးငွေ့တန်းကြယ်စုကို ဖြတ်ကျော်ပျံသန်းနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

CWISE J 124909 ကြယ်၏ အထက်ပါအလျင်နှုန်းသည်အသံ၏ အမြန်နှုန်းထက် အဆပေါင်း ၁၅၀၀ ခန့်ပို၍မြန်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် CWISE J 124909ကြယ်ကို WISE ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

CWISE J 124909 ကြယ်၏ လက်ရှိအမြန်နှုန်းအရ ၎င်းကြယ်သည် မကြာမီကာလအတွင်း နဂါးငွေ့တန်းကြယ်စုမှ လွတ်ထွက်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းကြယ်သည် နဂါးငွေ့တန်းကြယ်စု၏ သက်တမ်းအရင့်ဆုံးကြယ်များတွင်ပါဝင်သည့် ကြယ်တစ်စင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# H E A L T H

## အလွန်အကျွံပြုပြင်ထားသော အစားအစာများကြောင့် ဥရောပတစ်ဝန်း၌ နှစ်စဉ် လူ ၂ ဒသမ ၇ သန်းသေဆုံး

**ဂျီနီဗာ ဇွန် ၁၈**

အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများ၊ အရက်သေစာများကြောင့် ဥရောပတစ်ဝန်း၌ နှစ်စဉ်လူပေါင်း ၂ ဒသမ ၇ သန်း သေဆုံးနေကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဇွန် ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဩဇာကြီးမားသည့် စက်မှုလုပ်ငန်းကြီးများ၏ ထွက်ကုန်များနှင့် လုပ်ထုံးလုပ်နည်းများကြောင့် ဥရောပတိုက်၌ နေ့စဉ်လူပေါင်း ၇၄၀၀ ကျော် အသက်ဆုံးပါးနေရကြောင်း WHO သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းကြီးများ၏ ထုတ်ကုန်များကြောင့် ဥရောပတစ်ဝန်း နှစ်စဉ်သေဆုံးနေသူနှုန်းမှာ ရောဂါဘယအမျိုးမျိုးကြောင့် သေဆုံးသူအားလုံး၏ ၂၄ ရာခိုင်နှုန်းနှင့်ညီမျှကြောင်းသိရသည်။

အထူးသဖြင့် ဆေးလိပ်၊ အရက်၊ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများနှင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုတို့သည် ဥရောပတစ်လွှား နှစ်စဉ်လူပေါင်း ၂ ဒသမ ၇ သန်းသေဆုံးနေရမှု၏ အဓိကအကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း WHO က သုံးသပ်ထားသည်။

အထက်ပါထုတ်လုပ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများကြောင့် ဥရောပတစ်ဝန်း နှစ်စဉ်သေဆုံးနေရသူ ၂ ဒသမ ၇ သန်းအနက် ၁ ဒသမ ၁၅ သန်းမှာ ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးခဲ့ရသူများဖြစ်ပြီး ၄၂၆၅၇ ဦးမှာ အရက်သေစာ သောက်စားမှုကြောင့် သေဆုံးခဲ့ရသူများ ဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ယနေ့ခေတ် ပုံစံ-၁ ဆီးချိုရောဂါလူနာများ ၁၉၉၀ ပြည့်နှစ် လူနာများနှင့်နှိုင်းယှဉ်ပါက ရောဂါကြောင့်အသက်ဆုံးနိုင်ခြေ ၂၅ ရာခိုင်နှုန်းလျော့ပါးလာ

**ပေကျင်း ဇွန် ၁၈**

ယနေ့ခေတ် ပုံစံ-၁ ဆီးချိုရောဂါ လူနာများသည် ၁၉၉၀ ပြည့်နှစ်ကာလ ပုံစံ-၁ ဆီးချိုလူနာများနှင့်နှိုင်းယှဉ်ပါက ရောဂါကြောင့် အသက်ဆုံးပါးသွားနိုင်ခြေ ၂၅ ရာခိုင်နှုန်း လျော့ပါးလာကြောင်း ဇွန် ၁၇ ရက် သတင်းများအရ သိရသည်။

ကုထုံးများတိုးတက်ကောင်းမွန်လာမှုကြောင့် ယနေ့အချိန်တွင် ပုံစံ-၁ ဆီးချိုရောဂါသည် ဘဝသက်တမ်း တိုတောင်းရခြင်း၏ နောက်ခံအကြောင်းတရားတစ်ခု မဟုတ်တော့ကြောင်း တရုတ်သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

တရုတ် သုတေသနပညာရှင်များသည် ၂၀၁၉ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် နိုင်ငံတကာရောဂါစစ်တမ်းတစ်ခုမှ အချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ၁၉၉၀ ပြည့်နှစ်များအတွင်း ပုံစံ-၁ ဆီးချိုလူနာဦးရေ ၁၀၀၀၀၀ လျှင် သေဆုံးသူ ၄ ဒသမ ၇ ဦးနှုန်း ရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် ၃ ဒသမ ၅ ဦးနှုန်းသာရှိခဲ့ရာ ပုံစံ-၁ ဆီးချိုလူနာများကြား ရောဂါကြောင့်သေဆုံးနိုင်ခြေမှာ ၂၅ ရာခိုင်နှုန်း ပိုနည်းပါးလာသည့်သဘောဖြစ်ကြောင်း တရုတ်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ပုံစံ-၁ ဆီးချိုကို ဖိဖိစီးစီးကုသမှုမရှိပါက လူနာများအနေဖြင့် ဘဝသက်တမ်း တိုတောင်းသွားနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# AFC Fitness Level - 1A Coaching Certificate Course

## သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် ဇွန် ၁၈**

အာရှဘောလုံး အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC Fitness Level - 1A Coaching Certificate Course သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ MFF နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ MFF ခေတ္တ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ သင်တန်းနည်းပြဆရာ Mr. Fung Wing Sing Oliver နှင့် MFF မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ သင်တန်းဆင်းပွဲအခမ်းအနားတွင် MFF နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ MFF ခေတ္တအထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ သင်တန်းနည်းပြဆရာ Mr. Fung Wing Sing Oliver တို့က သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ AFC Fitness Level - 1A Coaching Certificate Course သင်တန်းကို ဇွန် ၁၄ ရက်မှ ယနေ့ထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၈ ဦး၊ သင်တန်းသူနှစ်ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **STA**

# ချဲလ်ဆီးကစားသမားဟောင်း ဘာထရန် ကစားသမားဘဝမှ အနားယူကြောင်းကြေညာ

**လန်ဒန် ဇွန် ၁၈**

ချဲလ်ဆီးအသင်းနှင့် ဆောက်သမ်တန်အသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဘာထရန်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့သည်ဟု အတည်ပြု ကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ ဘာထရန်သည် ချဲလ်ဆီးအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၀၆ ခုနှစ်က ချဲလ်ဆီးအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုကာ စတင်လက်တွဲခဲ့သော်လည်း အသင်းတွင် ကစားခွင့်မရရှိခဲ့ဘဲ ဘုန်းမောက်အသင်း၊ နော့ဝှစ်ချ်အသင်း၊ ရီဒင်းအသင်း၊ နော်တင်ဟမ်အသင်း စသည့်အသင်းများထံ အဆင့်ဆင့် အငှားစာချုပ်များဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ထို့နောက် ၂၀၁၁ ခုနှစ်တွင် ချဲလ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီး အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကာ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က ချဲလ်ဆီးအသင်း ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင်လည်း အဓိကကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ချဲလ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အေဗီလာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

ဘာထရန်သည် အေဗီလာအသင်းတွင်လည်း တစ်ရာသီသာ ကစားခွင့်ရရှိခဲ့ကာ ဆောက်သမ်တန်အသင်း၊ လက်စတာအသင်း စသည့်အသင်းများထံ အဆင့်ဆင့် ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇွန်လက လက်စတာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်း ကစားသမားစာရင်းထုတ်ပြန်ကြေညာ



**ရန်ကုန် ဇွန် ၁၈**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်း၏ ကစားသမားစာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းကို နည်းပြအဖြစ် ဂျပန်လူမျိုး မစ္စတာမိတမိချီတာရှက တာဝန်ယူကိုင်တွယ်နေပြီး အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် အပြီးသတ် ကစားသမား ၂၃ ဦး ရွေးချယ်ထားခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းတွင် ပြီးခဲ့သည့်နှစ် FIFA-MFF U-15 အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ပြိုင်ပွဲမှ ခြေစွမ်းပြခဲ့သည့် ကစားသမားများ၊ အကယ်ဒမီများမှ ကစားသမားများဖြင့် ပဏာမအဆင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီးနောက် ယခုအခါ အာဆီယံပြိုင်ပွဲအတွက် ကစားသမား ၂၃ ဦးကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်း၏အပြီးသတ်ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ထက်ဝေယံဇော်၊ ရှိုင်းထက်ကျော်၊ ထက်ဝေယံ၊ ခံစစ်ကစားသမားနေရာတွင် အောင်သီဟ၊ မြတ်မင်းကျော်၊ စိုင်းမောဝ်ဟန်၊ မျိုးခန့်ကျော်၊ အောင်သော်ခန့်၊ သီဟအောင်၊ ကောင်းခန့်သူ၊ ဉာဏ်အောင်၊ ကွင်းလယ်ကစားသမား နေရာတွင် သော်ဇင်ကို၊ ကျော်သီဟ၊ ဘေလားဖုန်ရမ်၊ ကျော်ညီညီ၊ စိုင်းစွမ်ဆိုင်၊ ခွန်မောင်လုံး၊ ခွန်အောင်ဆန်း၊ စွမ်းဇာနည်၊ သူရမင်းသန့်၊ တိုက်စစ်ကစားသမားနေရာတွင် ခန့်ဝင်းအောင်၊ မျိုးနန္ဒအောင်၊ ညီညီသန့်တို့ ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် ဗီယက်နမ်အသင်း၊ ကမ္ဘောဒီးယားအသင်း၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဇွန် ၂၂ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်ကာ ဇွန် ၁၉ ရက်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ထိုင်းနိုင်ငံမှ တစ်ဆင့် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် ဆာဘာလင်ကာနှင့် အွန်ဂျပ်ဘာတို့ ပါဝင်မည် မဟုတ်ကြောင်းကြေညာ

**ပဲရစ် ဇွန် ၁၈**

ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာတို့သည် ယခုနှစ် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ဆာဘာလင်ကာနှင့် အွန်ဂျပ်ဘာတို့သည် လက်ရှိကမ္ဘာ့အဆင့် (၁၀)အတွင်း ရပ်တည်နေသည့် ကစားသမားများဖြစ်ကြပြီး ပဲရစ်အိုလံပစ် အားကစားပွဲတော်မှ နုတ်ထွက်ခဲ့ခြင်းမှာ မြက်ကွင်းတွင် ကစားနေရာမှ မြေစေးကွင်းသို့ ရုတ်တရက် ရွှေ့ပြောင်းကစားခြင်းမှာ ဒဏ်ရာရလွယ်သည့်အတွက်ကြောင့် မြေစေးကွင်းတွင် ယှဉ်ပြိုင်ကစားရမည့် အိုလံပစ်အားကစားပွဲတော်မှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် ဆာဘာလင်ကာသည် ပွဲဆက်ကစားထားသည့်အတွက်ကြောင့် အနားယူရန်လိုအပ်၍ အိုလံပစ်အားကစားပွဲတော်ကိုရှောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

အိုလံပစ် အားကစားပွဲတော်တွင် သုံးကြိမ်ဆက်တိုက် ပါဝင်ယှဉ်ပြိုင်ထားသော ကမ္ဘာ့အဆင့် (၁၀)တွင် ရပ်တည်နေသည့် အွန်ဂျပ်ဘာအနေဖြင့် လေးကြိမ်ဆက်တိုက် အိုလံပစ်အားကစားပွဲတော်တွင် မယှဉ်ပြိုင်နိုင်တော့မည်ကို ဝမ်းနည်းမိကြောင်းလည်း ပြောကြားခဲ့သည်။

ဆာဘာလင်ကာက "ဒီနှစ်အတွင်း ယှဉ်ပြိုင်ထားတဲ့ ပြိုင်ပွဲတွေ တော်တော်လေးများနေပါတယ်။ ပွဲလဲပန်းနေပြီ။ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုတယ်။ ဒါကြောင့် အိုလံပစ်အားကစားပွဲတော်မှာ ပါဝင်ယှဉ်ပြိုင်ဖို့က နည်းနည်းခက်ခဲသွားတယ်။ အနားယူဖို့လိုအပ်တယ်။ ကြံ့ခိုင်မှုအရကော စိတ်ဓာတ်ပိုင်းအရပါ အနားယူဖို့ လိုအပ်နေတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : Sputnik**

**Trs : AZL**





# ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ကနေဒါအသင်းလူစာရင်း၌ နစ်ခ်တေလာနှင့် ကိုရေကွန်နာတို့ပါဝင်လာ

**ပဲရစ် ဇွန် ၁၈**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပသွားမည့် ၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် ဂေါက်သီးရိုက် ပြိုင်ပွဲဝင်မည့် ကနေဒါအသင်း၏ လူစာရင်းအားနောက်ဆုံးရွေးချယ်ခဲ့ရာတွင် နစ်ခ်တေလာနှင့် ကိုရေကွန်နာတို့ ပါဝင်လာကြောင်း ကနေဒါ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

U.S Open ဂေါက်သီးရိုက် ပြိုင်ပွဲအပြီးတွင် ပဲရစ်အိုလံပစ် အားကစားပွဲတော်၏ ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ကနေဒါအသင်း၏လူစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၆ နှစ်ရှိ နစ်ခ်တေလာသည် 2023 RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ၆၉ နှစ်အတွင်း ကနေဒါမြေတွင်ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည့် ပထမဦးဆုံးသော ဂေါက်သီးရိုက်ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သည်။

နစ်ခ်တေလာသည် ကနေဒါနိုင်ငံကိုယ်စားပြုအနေဖြင့် အပျော်တမ်း ဂေါက်သီးရိုက်ကစားသမားဘဝတွင်လည်း ၂၀၀၈ ခုနှစ် World Amateur Team Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌လည်းကောင်း၊ ၂၀၁၈ ခုနှစ် World Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်သည်။

နစ်ခ်တေလာသည် လက်ရှိကမ္ဘာ့အဆင့် (၃၅)နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ကနေဒါအသင်းအတွက် အဓိက ကစားသမားစာရင်းတွင် ပါဝင်နေသူဖြစ်သည်။

ကိုရေကွန်နာသည် ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်အားကစားပွဲတော်နှင့် ၂၀၂၀ တိုကျိုအိုလံပစ် အားကစားပွဲတော်တို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့သော ကစားသမားများအနက် ရလဒ်အကောင်းဆုံး ရရှိခဲ့သည့် ကစားသမားဖြစ်ပြီး ၂၀၂၀ တိုကျိုအိုလံပစ် အားကစားပွဲတော်တွင် ကြေးတံဆိပ်ဆု ရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များခံစားလျက်ရှိသော ရှင်ကျန်းဒေသခံများ

ရှင်ကျန်းအူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တရုတ်နိုင်ငံကို အနောက်တိုင်းနိုင်ငံများနှင့် ပိုမိုချိတ်ဆက်နိုင်ရန် အရေးပါသောဝင်ပေါက်တစ်ခုပင်ဖြစ်သည်။ ၎င်းဒေသသည် တိုင်းပြည်၏ပိုမိုကျယ်ပြန့်သောဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့်အညီ မကြာသေးမီနှစ်များအတွင်း ဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်တစ်ရပ်ကို ပိုင်ဆိုင်လာပြီးဖြစ်သည်။

ရှင်ကျန်းဒေသ၏အလေးထားမှုသည် လူမှုရေးဆိုင်ရာတည်ငြိမ်အေးချမ်းမှုနှင့် ဟန်ချက်ညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်တို့ပင် ဖြစ်သည်။ အဆိုပါချဉ်းကပ်မှုသည် ဆန်းသစ်တီထွင်မှု၊ စွမ်းဆောင်ရည်ရှိမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားသည့်အရည်အသွေးမြင့်မားသောဖွံ့ဖြိုးမှုကို ဦးစားပေးထားပြီး အေးချမ်းတည်ငြိမ်မှုနှင့် လုံခြုံမှုရေရှည်ထိန်းသိမ်းရန် ရည်မှန်းလျက် ရေရှည်လုပ်ငန်းစဉ်များ၏ အရေးပါမှုကို မီးမောင်းထိုးပြသထားသည်။

ရှင်ကျန်းဒေသတွင် အကောင်အထည်ဖော်နေသောမူဝါဒများနှင့် တရားဥပဒေကြောင်းဆိုင်ရာမူဘောင်များသည် ဒေသတွင်းရှိ လူမှုအသိုက်အဝန်းအားလုံး၏အခွင့်အရေးများနှင့် သာယာဝပြောမှုတို့ကို ကာကွယ်စောင့်ရှောက်မြှင့်တင်ထားရှိသည်။ ၎င်းဒေသတွင် တရုတ်မျိုးနွယ်စု ၅၆ မျိုးခန့် မှီတင်းနေထိုင်လျက်ရှိသည်။ လက်ရှိအချိန်တွင် ရှင်ကျန်းဒေသသည် ဘေးကင်းလုံခြုံမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်မှုတို့ ခံစားလျက်ရှိသည်။

မည်သို့ပင်ဆိုစေ အဆိုပါအောင်မြင်တိုးတက်မှုများသည် အမေရိကန်နှင့် ၎င်း၏မဟာမိတ်တချို့က မကောင်းမြင်မှု၊ ပြစ်တင်ဝေဖန်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ရှင်ကျန်းဒေသတွင် အဓမ္မစေခိုင်းမှု အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်ဆိုသော ၎င်းတို့၏စွပ်စွဲချက်များသည် အထောက်အထားမဲ့လျက်ရှိသည်။ အဆိုပါမှားယွင်းသောလုပ်ဇာတ်များသည် ရှင်ကျန်းဒေသရှိ မျိုးနွယ်စုများ အကျိုးခံစားနိုင်မည့် တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများတိုးတက်မှုကို နှောင့်နှေးကြန့်ကြာအောင် လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ သို့သော် ၎င်းတို့၏ နည်းဗျူဟာများသည် နောက်ဆုံး၌ သဲထဲရေသွန်ပင် ဖြစ်လာတော့သည်။

**မရှိမဖြစ်လိုအပ်ချက်**

ခေတ်သစ်ကာလတွင် ရှင်ကျန်းဒေသစီမံအုပ်ချုပ်မှုဆိုင်ရာကွန်မြူနစ်ပါတီ၏မူဝါဒများသည် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှု၊ တိုင်းရင်းသားလူမျိုးများစည်းလုံးညီညွတ်မှု၊ ယဉ်ကျေးမှု၊ သာယာဝပြောမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ဖော်ဆောင်သွားရန်ပင်ဖြစ်သည်။ ရှင်ကျန်းဒေသသည် အာရှနှင့် ဥရောပကို ချိတ်ဆက်ထားသောအရေးပါသည့်စင်္ကြံလမ်းအဖြစ် ပြောင်းလဲလာလျက်ရှိသည်။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း **Urumqi International Land Port** ၌ သိသာထင်ရှားသောတိုးတက်မှုများကို တွေ့မြင်လာရသည်။ ၎င်းစီမံကိန်းသည် တရုတ်၏ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(BRI)အောက်တွင် အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိသော အရေးပါသောစီမံကိန်းတစ်ခုပင်ဖြစ်သည်။ **Kashgar** စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်နှင့် **Horgos** စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်တို့ အနေဖြင့်လည်း ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။ ၎င်းစီမံကိန်းများသည် ဒေသတွင်းအခြေခံအဆောက်အအုံနှင့် ချိတ်ဆက်မှုတို့ တိုးတက်ရေးတို့အပေါ် အလေးထားလျက်ရှိသည်။

၂၀၂၂ ခုနှစ်တွင် ရှင်ကျန်းဒေသ၏ ပြည်ပသွင်းကုန်၊ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၄၂ ဒသမ ၃ ဘီလီယံထိ စံချိန်တင်မြင့်တက်ခဲ့သောကြောင့် နှစ်စဉ် ၅၇ ရာခိုင်နှုန်းတိုးတက်လျက်ရှိသည်။ ၎င်းတိုးတက်မှုနှုန်းသည် အမျိုးသားပျမ်းမျှဖွံ့ဖြိုးတိုးတက်မှုနှုန်းထက် ၄၉ ဒသမ ၃ ရာခိုင်နှုန်း သာလွန်လျက်ရှိသည့်အတွက် ရှင်ကျန်းဒေသသည် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်မှုများတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်။



ရှင်ကျန်းဒေသသည် အဓိကစက်မှုလုပ်ငန်းရှစ်ခုကို ဖန်တီးထူထောင်လျက်ရှိသဖြင့် လောင်စာဆီ၊ ဓာတုပစ္စည်း၊ ဆီလီကွန်အခြေပြုပစ္စည်းများနှင့် ခေတ်သစ်ကျောက်မီးသွေးသုံးဓာတုပစ္စည်းများ ကဲ့သို့သော စက်မှုလုပ်ငန်းများတွင် အောင်မြင်မှုရရှိလျက်ရှိသည်။ ၂၀၂၂ ခုနှစ်တွင် ရှင်ကျန်းဒေသသည် ဆီလီကွန်စက်မှုလုပ်ငန်း၌ ဦးဆောင်ထုတ်လုပ်သူအဖြစ် ရပ်တည်နိုင်ခဲ့သဖြင့် တိုင်းပြည်နှင့် ကမ္ဘာ့ဆီလီကွန်ပစ္စည်း ထုတ်လုပ်မှုတို့တွင် သိသာထင်ရှားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ရှင်ကျန်းဒေသသည် စွမ်းအင်ထုတ်လုပ်မှုတွင် တိုင်းပြည်၏ မဟာဗျူဟာမြောက် ဗဟိုချက်မအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် သန်း ၄၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည်။ ၎င်းဒေသသည် ပြည်နယ်ဖြတ်ကျော် ကျောက်မီးသွေးတင်ပို့မှုနှင့် လျှပ်စစ်စွမ်းအင်ပို့လွှတ်ပေးခြင်းအားဖြင့် အမျိုးသားစွမ်းအင်လုံခြုံရေးတွင် စဉ်ဆက်မပြတ်အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် ရှင်ကျန်းဒေသသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သိသိသာသာတိုးတက်လာလျက်ရှိပြီး ကီလိုဝပ်နာရီသန်းပေါင်း ၄၄ သန်းကျော် ထုတ်လုပ်နိုင်ခဲ့သဖြင့် ဒေသတွင်းစွမ်းအင်ထုတ်လုပ်မှုစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

ရှင်ကျန်းဒေသသည် စိုက်ပျိုးရေးထုတ်ကုန်အဓိကထုတ်လုပ်လျက်ရှိပြီး ပြောင်း၊ ဆီထွက်သီးနှံနှင့် ဝါဂွမ်းထုတ်လုပ်မှုတို့တွင် လျာထားချက်ကျော်လွန်ခဲ့သဖြင့် အမျိုးသားစားနပ်ရိက္ခာလုံခြုံမှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သမားရိုးကျချည်ထည်ထုတ်လုပ်မှုသဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများနှင့် စိန်ခေါ်မှုများရှိနိုင်သည်။ သာဓကအနေဖြင့် သမားရိုးကျလယ်ယာလုပ်ငန်းများသည် မြေဆီလွှာတိုက်စားခြင်း၊ ရေထုညစ်ညမ်းခြင်းနှင့် ဂေဟစနစ်ယိုယွင်းမှုများဖြစ်ပေါ်စေနိုင်သည့် ပိုးသတ်ဆေးများအလွန်အကျွံအသုံးပြုခြင်းတို့ ပါဝင်လေ့ရှိသည်။ ထို့ပြင် ချည်ထည်လုပ်ငန်းသည် ရေသုံးစွဲမှုများပြားလျက်ရှိသည်။ ရေအသုံးပြုမှုများပြားသောစိုက်ပျိုးရေးလုပ်ငန်းများသည် ရေရှားပါးမှုဖြစ်ပေါ်စေနိုင်ပေသည်။ ထို့ကြောင့် ရှင်ကျန်းဒေသသည် ထိရောက်သည့်နည်းလမ်းများဖြင့် အရည်အသွေးပြည့်ဝသောဝါဂွမ်းများထုတ်လုပ်မှုကို အလေးထားသည့်အစီအစဉ်ကို အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသည်။ အကျိုးဆက်အနေဖြင့် နှစ်စဉ် ဝါဂွမ်းတန်ချိန် ၆၊သန်းခန့် ထုတ်လုပ်နိုင်သဖြင့် ရှင်ကျန်းဒေသသည် တရုတ်နိုင်ငံ၏ချည်ထည်စက်မှုလုပ်ငန်းတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ရှင်ကျန်းဒေသသည် ခွဲထွက်ဝါဒနှင့် အကြမ်းဖက်ဝါဒဆန့်ကျင်တိုက်ဖျက်သည့် အဓိကတိုက်ပွဲနေရာအဖြစ်ရပ်တည်လျက် အမျိုးသားလုံခြုံရေးကာကွယ်စောင့်ရှောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ တရားဥပဒေကို အခြေခံသောအကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ကြိုးပမ်းမှုများသည် ဒေသတွင်းလူမှုရေးတည်ငြိမ်မှုကို ခိုင်မာသေချာစေလျက်ရှိသည်။

နှစ်စဉ် ပြည်နယ်အသုံးစရိတ်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ဒေသခံပြည်သူများ၏ လူနေမှုဘဝတိုးတက်မှုအတွက် ခွဲဝေအသုံးပြုလျက်ရှိသောကြောင့် ဆင်းရဲမှုလျှော့ချခြင်းနှင့် ကျေးလက်ဒေသတိုးတက်လာမှုတို့ကို ခိုင်မာသေချာစေလျက်ရှိသည်။ ကျေးလက်ဒေသတိုးတက်မှုလုပ်ငန်းစဉ်သည် မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုများချမှတ်ခြင်း၊ ကျေးလက်-မြို့ပြကွာဟမှု လျှော့ချခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကိုသာ တူညီမျှခံစားစေခြင်းအားဖြင့် ကျေးလက်ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းများမြှင့်တင်သွားမည့် မဟာဗျူဟာတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် ရှင်ကျန်းဒေသသည် ဒေသဆိုင်ရာ ယဉ်ကျေးမှုတိုးတက်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာသေချာစေမည့် လုပ်ငန်းအမျိုးမျိုးကိုလည်း လုပ်ဆောင်လျက်ရှိသည်။

**တိုးတက်မှုလမ်းစရှာဖွေခြင်း**

ပြည်သူများကို ပထမဦးစားပေးခြင်းသည် တရုတ်ကွန်မြူနစ်ပါတီ၏ အခြေခံစီမံအုပ်ချုပ်မှုသဘောတရားပင်ဖြစ်သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏လူနေမှုအဆင့်အတန်းမြှင့်တင်ခြင်းသည် ပါတီနှင့် နိုင်ငံ၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း အကြိမ်ကြိမ် အလေးထား ပြောဆိုလျက်ရှိသည်။ တရုတ်နိုင်ငံသည် နိုင်ငံတစ်ဝန်းတွင် ပညာရေး၊ အလုပ်အကိုင်ခန့်အပ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အိမ်ရာကဲ့သို့သောနယ်ပယ်များတွင် တိုးတက်မှုများဖော်ဆောင်ပေးလျက်ရှိသည်။

အမျိုးသားစာရင်းအင်းဗဟိုဌာန၏ စာရင်းအင်းများအရ ရှင်ကျန်းဒေသသည် ၂၀၂၃ ခုနှစ်အတွင်း တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၂၃ ဒေါ်လာရှိခဲ့ပြီး ဒေသ၏ GDP သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၇၀ ရှိခဲ့သည်။ ရှင်ကျန်းဒေသသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ ကျောက်မီးသွေးနှင့်ဆက်နွယ်သော စက်မှုလုပ်ငန်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို အခြေခံသောသတ္တုတွင်းလုပ်ငန်း၊ အထည်နှင့်အထည်လုပ်ငန်း၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံစိုက်ပျိုးမှုလုပ်ငန်း၊ မွေးမြူရေးထုတ်ကုန်လုပ်ငန်းများအပေါ် အလေးထားလျက် စက်မှုလုပ်ငန်းစနစ်ခေတ်မီတိုးတက်စေရန် သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချလျက်ရှိသည်။ ထိုသို့ ကြိုးပမ်းမှုများလုပ်ဆောင်ခြင်းသည် အမျိုးသားစွမ်းအင်နှင့် စားနပ်ရိက္ခာလုံခြုံမှုတို့ကို အထောက်အကူဖြစ်စေလျက်ရှိသည်။

အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အခြားဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ဒေသတွင်း ချိတ်ဆက်မှုအပေါ် အလေးထားဆောင်ရွက်ခြင်း၊ ကွန်ရက်ချိတ်ဆက်မှုများတိုးချဲ့ခြင်းနှင့် တရုတ်-ကာဂျစ္စတန်-ဥဇဘက်ကစ္စတန်၊ တရုတ်-ကာဇက်စတန်နှင့် တရုတ်- ပါကစ္စတန် နိုင်ငံတကာရထားလမ်းစီမံကိန်းများကဲ့သို့သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို အလေးထားလုပ်ဆောင်လျက်ရှိသည်။

ရှင်ကျန်းအာဏာပိုင်များသည် အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုနှင့် အိမ်ရာချထားမှုတို့ကို အလေးထားလုပ်ဆောင်ပေးခြင်းအားဖြင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။

အစိုးရသည် အလုပ်အကိုင်ရရှိရေးကို ပထမဦးစားပေးမဟာဗျူဟာအဖြစ် အကောင်အထည်ဖော်ဆောင်လျက်ရှိသဖြင့် ၂၀၂၃ ခုနှစ်အတွင်း အလုပ်အကိုင်အသစ် ၄၆၀၀၀၀ ဖန်တီးပေးခဲ့သဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင် ၂ ဒသမ ၇၅ သန်း ဖန်တီးပေးခဲ့သည်။ ထို့ပြင် ရှင်ကျန်းဒေသတွင် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဂေဟစနစ်စီမံခန့်ခွဲခြင်း၊ စွမ်းအင်ထိန်းချုပ်ခြင်းတို့ လုပ်ဆောင်ခြင်းအားဖြင့် လှပသော ရှင်ကျန်းဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပေသည်။

**ကိုးကား**

– EMPOWERMENT IN ACTION BY BEIJING REVIEW.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မြောက်ဥက္ကလာပမြို့နယ် Wathan Art Gallery တွင် ဝသန်မိုး Group Art Exhibition ပန်းချီပြပွဲ ပြသမည်




**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Wathan Art Gallery တွင် ဝသန်မိုး Group Art Exhibition ပန်းချီပြပွဲကို ဇွန် ၁၉ ရက်မှ ဇွန် ၂၁ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါ Group Art Exhibition ကို စီစဉ်သည့် Wathan Art Gallery မှ ပန်းချီ ဝေလု(ဝသန်)က ပြောပြ၍ သိရသည်။

အဆိုပါ ဝသန်မိုး Group Art Exhibition ပန်းချီပြပွဲအတွက် ဝါရင့်ပန်းချီဆရာ ကိုးဦးဖြစ်သည့် ပန်းချီ ပုသိမ်မောင်မောင်သိန်း၊ ဦးကြည်ဝင်း(ရန်ကင်း)၊ ဦးရီမြင့် (Forward)၊ ဦးသန်းဝင်းထွန်း၊ ဦးတင်ဝင်းနီ၊ မောင်မောင်မြင့်၊ စတားလေး၊ ဘိုကလေးတင်မောင်လတ်၊ ဝေလု(ဝသန်)တို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် ပန်းချီကားများကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုပြသမဲ့ပြပွဲကတော့ ဝါရင့်ပန်းချီဆရာ ကိုးယောက်ရဲ့ မိုးဦးကာလရဲ့မြင်ကွင်းတွေကို ရှုထောင့်အမျိုးမျိုး၊ အမြင်အမျိုးမျိုးနဲ့ ရေးဆွဲပြသထားတဲ့ ပန်းချီကားတွေကို ပန်းချီဝါသနာရှင်တွေ၊ ပန်းချီမြတ်နိုးသူတွေ၊ မိတ်ဆွေသူငယ်ချင်းတွေအားလုံးကို ကြွရောက်လေ့လာအားပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပန်းချီ ဝေလုက ပြောပြသည်။

ဝသန်မိုး Group Art Exhibition ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄×၂၄) လက်မ၊ (၃၆×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# Kingdom of the Planet of the Apes ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၃၇၄ သန်းထိရရှိ

**နယူးယောက် ဇွန် ၁၈**

၂၀ ရာစုရုပ်ရှင်ကုမ္ပဏီ၏ Kingdom of the Planet of the Apes ဇာတ်ကားသည် ဇွန် ၁၆ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၇၄ သန်းထိ ရရှိထားကြောင်း ဇွန် ၁၇ ရက် သတင်းများအရ သိရသည်။

Kingdom of the Planet of the Apes ဇာတ်ကားသည် စတင်ရုံတင်ပြီး သီတင်းပတ်ခြောက်ပတ်ကုန်ဆုံးချိန်တွင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၈ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁၆ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ ပြည်တွင်းဝင်ငွေသည် War for the Planet of the Apes ဇာတ်ကား၏ ပြည်တွင်းဝင်ငွေပမာဏကို ကျော်ဖြတ်နိုင်ခဲ့သည်။

Kingdom of the Planet of the Apes ဇာတ်ကားကို ယခုနှစ် မေ ၉ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ထိရှိခဲ့သည့် အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဝက်ဘဲက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဖရီယာအယ်လန်၊ လိုင်ဒီယာပက်ခမ်းနှင့် မင်းသား ကီဗင်ဒူးရန်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# သရုပ်ဆောင် မယ်လိုဒီ ကိုယ်တိုင် သီဆိုသရုပ်ဆောင်ထားသည့် ခွင့်မပြု Cover Song သီချင်း Music Video ထွက်ရှိမည်

**ရန်ကုန် ဇွန် ၁၈**

သရုပ်ဆောင် မယ်လိုဒီ ကိုယ်တိုင် သီဆိုသရုပ်ဆောင်ထားသည့် ခွင့်မပြု Cover Song တေးသီချင်း Music Video (MV) ဇွန်လနောက်ဆုံးပတ်အတွင်း ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါ ခွင့်မပြု တေးသီချင်းသည် နာမည်ကျော် တေးရေးတေးဆို ထူးအိမ်သင်၏ထင်ရှားကျော်ကြားသည့် တေးသီချင်းတစ်ပုဒ်ဖြစ်ကြောင်း၊ အဆိုပါ တေးသီချင်းကို မယ်လိုဒီက Cover Song သီချင်းအဖြစ် ပြန်လည်ဆန်းသစ် သီဆိုကာ ကိုယ်တိုင် သရုပ်ဆောင်ထားပြီး ဒါရိုက်တာ ထက်ဇော်အောင်က ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ပထမကတော့ ကိုထူးအိမ်သင်ရဲ့သီချင်းကို ပြန်ဆိုဖို့လောက်တော့ သတ္တိမရှိပါဘူး။ ဒီသီချင်းစာသားလေးတွေကလဲ ချစ်ရာကောင်းတယ်။ ဒီသီချင်းက ချစ်စရာကောင်းတဲ့ပုံစံလေး စိတ်ကူးစိတ်သန်းလေးလဲကောင်းလို့ ပြန်ဆိုဖြစ်တာပါ။ ဒီသီချင်းကို ပြန်ဆိုသူလဲ ရှားလို့ပါ။ ခွင့်မပြုသီချင်းလေးက နူးနူးညံ့ညံ့လေးဖြစ်တယ်။ ကိုယ်ဆိုလိုက်မှ သီချင်းပျက်စီးသွားနိုင်မဲ့ သီချင်းမျိုးဆိုရင် မျိုးမဆိုပါဘူး။ ကိုယ့်ကြောင့် မပျက်စီးမဲ့ သီချင်းလေးကို မျိုးသီဆိုဖြစ်တာပါ"ဟု သရုပ်ဆောင် မယ်လိုဒီက ပြောပြသည်။




သရုပ်ဆောင် မယ်လိုဒီသည် တေးရေး မြတ်အမရာမောင် ရေးသားထားသည့် 4U တေးသီချင်း Music Video (MV) လည်း ထွက်ရှိထားသူလည်းဖြစ်ပြီး မဟာရုပ်သံမှ မကြာမီပြသမည့် သစ္စာဖြင့်စီရင်စေ ဇာတ်လမ်းတွဲတွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# စတီဗင်စပီးဘာ့၏ UFO ဇာတ်ကား၌ မင်းသမီး အမ်မီလီဘလန့် ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၁၈**

ကမ္ဘာကျော်ဒါရိုက်တာ စတီဗင်စပီးဘာ့ ရိုက်ကူးမည့် အာကာသယာဉ် (UFO) ဇာတ်ကားသစ်၌ မင်းသမီး အမ်မီလီဘလန့် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇွန် ၁၇ ရက် သတင်းများအရ သိရသည်။


လက်ရှိအချိန်တွင် မင်းသမီး အမ်မီလီဘလန့်သည် UFO ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ထုတ်လုပ်သူများနှင့်ဆွေးနွေးနေသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက အထက်ပါရုပ်ရှင်ဇာတ်ကားသည် ဒါရိုက်တာ စတီဗင်စပီးဘာ့နှင့် မင်းသမီး အမ်မီလီဘလန့်တို့ လက်တွဲဖန်တီးသည့် ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

UFO သိပ္ပံဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ စတီဗင်စပီးဘာ့၏ စိတ်ကူးကို အခြေခံ၍ ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကိုအက်က တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

လက်ရှိတွင် UFO ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ဒါရိုက်တာ စတီဗင်စပီးဘာ့က ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref: Sputnik News**
**Trs: KKO**



# မတ္တရာမြို့နယ် ဝက်ခဲကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မတ္တရာ ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝက်ခဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ကျေးရွာလိုအပ်ချက်ကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်ဖြင့် ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဦးကျော်သက်ထွေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်ရွေးချယ်မှုသက်မှတ်ချက်များ၊ စီမံကိန်းရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်အေးအေးနွယ်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ပြီး ဆောင်ရွက်မည့်လုပ်ငန်းခွဲကို ကျေးရွာလူထုက ရွေးချယ်ပေးခဲ့သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မတ္တရာမြို့နယ် ဝက်ခဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုတို့ဖြင့် ကျေးရွာ၏အဓိကလိုအပ်ချက်ပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နွဲ့ယဉ်

# More than 7,000 cultural properties under preservation nationwide


Photo shows a historic town clock tower.

**Nay Pyi Taw June 18**

There are more than 7,000 ancient buildings under preservation for their cultural and architechural properties across the nation, said U Aung Aung Kyaw, Director (Admin) of the Department of Archaeology and National Museum.

The government has enacted the Protection and Preservation of Cultural Heritage Regions Law in 2015. At present, more than 7,000 ancient buildings are under preservation in accord with the law.

"The law aims to preserve ancient buildings for historical;, cultural and architectural properties. Before the law, there were more than 6,800 buildings under preservation of the State in 1972. After enactment of the laws, the committees scrutinizing the buildings under three criteria. So, more than 240 ancient buildings are under preservation. According to the law, a building with more than 100 years old must be under care. After 2022, there are more than 200 ancient buildings under preservation in regions and states and 39 more in 2024," he explained.

In March 2014, there are 39 ancient cultural heritage buildings across the nation including one in Nay Pyi Taw, eight in Mandalay Region, eight in Yangon Region, 10 in Rakhine State and 12 in Ayeyawady Region.

ASH

# UN chief urges stopping vandalizing Earth

**New York June 18**

UN Secretary-General Antonio Guterres on Monday called for action to stop vandalizing the Earth as nearly 40 percent of land across the planet is degraded with more acres lost every second.

"Every second, around four football fields of healthy land are degraded," the UN chief said in a video message for the World Day to Combat Desertification and Drought, marked annually on June 17.

"The security, prosperity and health of billions of people rely on thriving lands supporting lives, livelihoods and ecosystems, but we're vandalizing the Earth that sustains us," Guterres said.

"Healthy land not only provides us with almost 95 percent of food eaten around the world, but so much more. It clothes and shelters people, provides jobs and livelihoods and protects communities from the worsening droughts, floods and wildfires," he noted.

"As the focus of this year's world day reminds us, we must be 'United for Land,'" he said. "Governments, businesses, academics, communities and more must come together and act."

"We know what we need to do," the UN chief said. "It's set out clearly in the UN Convention to Combat Desertification (UNCCD). As we mark the 30th anniversary of the convention, the world must dramatically pick up the pace of implementation."

Xinhua

# Yinmabin Township farmers grow 9,120 acres of rain-fed sesame

**Yinmabin June 18**

A total of 9,120 acres of sesame have been planted in this year's rainy crop planting season in Yinmabin District, Sagaing Region, according to the statistics from the Department of Agriculture for Yinmabin District.

During the 2024-2025 rain crop planting season, 180,662 acres of sesame have been earmarked to be planted and 9,120 acres have been planted since May.

"We are working to fully cultivate the designated acres. We are also working to improve the yield using the GAP systems," said Daw Myat Moe Win, head of the Department of Agriculture for Yinmabin District.

The cultivation of sesame by townships in Yinmabin District is as per following: 4,680 acres in Kani Township, 3,905 acres in Salingyi Township, and 535 acres in Pale Township, totaling 9,120 acres of sesame.

In the 2024-2025 rain crop planting season, the cultivation of sesame earmarked by townships in Yinmabin District is as per following: 51,860 acres in Yinmabin Township, 18,560 acres in Kani Township, 39,150 acres in Salingyi Township, and 71,092 acres in Pale Township, totaling 180,662 acres.

206


A monsoon sesame plantation.

# KhinU Township farmers cultivate 20,830 acres of rain-fed green beans

**KhinU June 18**

A total of 20,830 acres of green beans have been planted in KhinU Township, Shwebo District, Sagaing Region, during this year's rain crop planting season, according to statistics from the Department of Agriculture for KhinU Township.

During the 2024-2025 rain crop season planting season, 21,916 acres of pre-rain green beans and 63,225 acres of green beans have been earmarked for planting in KhinU Township and 15,553 acres of pre-rain green beans and 5,277 acres of green beans have already been planted since May of this year.

"There will be education on expanding cultivation of green beans, and on the use of good varieties for good yield," said U Nay Win Naing, head of the Department of Agriculture for KhinU Township.

The department of agriculture for the township is giving awareness on farmers to choose good varieties suitable for the region, to obtain a clean breed, to have a correct planting method, to have pest control, to have the proper use of fertilizers, and to improve the yield.

206

# Hungary calls for international action to prevent escalation of Gaza crisis

**Budapest June 18**

Hungarian Minister of Foreign Affairs and Trade Peter Szijjarto on Monday called for the international community to prevent the Gaza crisis from escalating into an interstate war during a joint press conference with his Israeli counterpart Israel Katz.

"The Middle East fundamentally determines the global security situation, and if there is a conflict or a security crisis in the Middle East, it always poses a threat to global security. The current Gaza crisis can easily become a serious global security threat," Szijjarto said, adding that if another country becomes involved in this conflict, it could easily turn into a severe war that extends beyond the next country's borders.

Israel has launched a massive offensive against Gaza-ruling Hamas in retaliation for a Hamas surprise attack on southern Israeli towns on Oct. 7 last year, during which about 1,200 Israelis were killed and over 200 were taken as hostages.

Xinhua


Hungarian Minister of Foreign Affairs and Trade Peter Szijjarto (R) speaks during a joint press conference with Israeli Foreign Minister Israel Katz in Budapest, Hungary on June 17, 2024.

# 40 villages set to join Smart Village Project in Myanmar 2024-2025 Fiscal Year


A newly built village road.

**Nay Pyi Taw June 18**

The Smart Village Project will be implemented in 40 villages in 2024-2025 FY, according to reports from the Ministry of Cooperatives and Rural Development.

The ministry has been implementing projects to narrow the gap between urban and rural development, and to improve the living standards of rural people and strengthen the economy.

According to these measures, the Department of Rural Development has implemented a Smart Village Project to create comprehensively developed villages.

It is being implemented as a five-year project starting from the 2022-2023 FY.

In the first 2022-2023 FY, it was implemented in 43 villages, and in 2023-2024 FY, it was expanded to 45 more villages.

Therefore, the project is now being implemented nationwide and it has already been implemented in 88 villages in 82 townships.

The selection of villages is being carried out in order to implement the project.

This project is aimed at developing village infrastructure, providing inputs, financial services and technologies, increasing the capacity of villagers and village associations to bring about sustainable rural development.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Sagaing Township farmers plant over 1,000 acres of cotton

**Sagaing June 18**

More than 1,000 acres of cotton have been planted in Sagaing Township, Sagaing District, Sagaing Region in this year rain crop planting season, according to Department of Agriculture for Sagaing Township.

During the 2024-2025 rain crop planting season, 18,406 acres of cotton have been planted in Sagaing Township, and since May this year, 1,402 acres have been planted.

"We are providing cotton seeds so that farmers can easily grow good varieties before the planting season," said U Zaw Oo, head of Department of Agriculture for Sagaing Township.


A cotton plantation.

The Department of Agriculture for Sagaing Township has opened technical training courses for farmers to get good varieties of cotton, to prevent pests and to have correct planting methods to improve the yield.

The cost of cotton cultivation is 350,000 kyats per acre and the yield is around 1,000 visses per acre. Cotton is planted in 19 townships in Sagaing, Monywa, Yinmabin, Shwebo and Kanbalu districts in Sagaing Region. 206

# Pantanaw Township sells 85,000 bags of rice to Yangon market

**Pantanaw June 18**

A total of 85,000 bags of 90-day rice were sent to Yangon market from Pantanaw Township of Ayeyawady Region in May, said Daw Zar Zar, owner of rice and paddy trading in Pantanaw township.

The township could send 64,000 bags of 90day rice to Yangon market in April, compared with 85,000 bags in May. Rice and paddy merchants purchase paddy from Pantanaw Township to mill it for selling them in Yangon market.

Daw Zar Zar said, "Rice from Einme township is in high demand in the market. At present, paddy is milled and then sent to Yangon market. Prices of rice are in inflation. Yangon market gives offer to Pantanaw for purchase of rice."

In Yangon market, 90-day rice from Pantanaw Township fetches K115,000 per bag. Hence, local farmers and businesspersons involved in production chain are having increased income for their families.

Kyaw Kyaw Lin

# Prices of chilli slightly high due to demand of foreign countries

**Mandalay June 18**

High demand from foreign countries such as Thailand and other countries is high, so prices of chilli in Mandalay market are slightly on the rise.

In the fourth week of May, prices of red arrow K4,800 to K5,400 per viss in the domestic market, K5,200 to K5,500 per viss on 10 June where prices of Pantanaw long chilli fetched K4,500 to K41,00 per viss.

Myanmar chilli did not get good price from the reaping season to the third week of May this year. Now, demands of merchants create a potential for chilli prices rose.

Chilli is harvested in April and May. One acre of chilli can yield 700 to 1,000 viss. Chilli can be grown in all parts of the nation in seasons. Chilli is grown in upper Myanmar in all seasons and that in lower Myanmar in winter. 049


Chilies being dried in the sunlight.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက မောင်းသူမဲ့မြေပြင်သွားယာဉ်များ တွင်ကျယ်စွာအသုံးပြုခြင်းဖြင့် စစ်မှုရေးရာမူဝါဒများ ပြောင်းလဲကျင့်သုံးလာ



ရုရှားနိုင်ငံသည် မောင်းသူမဲ့ မြေပြင်သွားယာဉ်မျိုးကွဲများစွာကို ထုတ်လုပ်ခဲ့ပြီး တွင်ကျယ်စွာအသုံးပြုခြင်းဖြင့် စစ်မှုရေးရာမူဝါဒများ ပြောင်းလဲကျင့်သုံးလာကြောင်း Army Recognition သတင်းဌာနက ဇွန် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံပိုင် High Precision Complexes ကုမ္ပဏီသည် ဘက်စုံသုံးအဆင့်မြင့် မောင်းသူမဲ့မြေပြင်သွားယာဉ်နှစ်စီးဖြစ်သည့် Depesha နှင့် Buggy တို့ကိုတီထွင်ခဲ့သည်။ လက်ရှိတွင် ယူကရိန်း အထူးစစ်ဆင်ရေးအပါအဝင် တိုက်ပွဲဝင်တပ်ဖြန့်စမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါမောင်းသူမဲ့ မြေပြင်သွားယာဉ်များ၏ ပေါ့ပါးကျစ်လျစ်မှုနှင့် လှုပ်ရှားစစ်ကစားမှု မြင့်မားကောင်းမွန်ပြီး ဝန်တင်ဆောင်နိုင်မှုစွမ်းဆောင်ရည်လည်း ကောင်းမွန်သည်ကို တွေ့ရသည်။ Depatch UGV သည် ကီလိုဂရမ် ၁၅၀၊ Buggy UGV သည် ကီလိုဂရမ် ၂၅၀ ဝန် တင်ဆောင်နိုင်စွမ်းရှိသည်။ အဆိုပါ UGV များသည် ရှေ့တန်းစစ်မျက်နှာများရှိ တိုက်ခိုက်ရေးအင်အားစုများအတွက် ယုံကြည်စိတ်ချစွာအသုံးပြုနိုင်မည့် စွမ်းအားစုများဖြစ်လာခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ခဲယမ်းမီးကျောက်များ၊ လောင်စာဆီများကို ရှေ့တန်းစစ်မျက်နှာသို့ လျင်မြန်စွာ တိတ်တဆိတ် ပို့ဆောင်ပေးနိုင်မည်ဖြစ်ပြီး ဒဏ်ရာရစစ်သည်များကိုပင် ကယ်ထုတ်နိုင်စွမ်းရှိကြသည်။

အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်လုပ်ဆောင်နိုင်သော မောင်းသူမဲ့မြေပြင်သွားယာဉ်နှစ်မျိုးတွင် Depesha UGV ကို JSC KBP ဒီဇိုင်းဗျူရိုမှထုတ်လုပ်ထားပြီး Buggy UGV ကို VNII Signal ဒီဇိုင်းဗျူရိုမှ ထုတ်လုပ်ထားသည်။ ၎င်းတို့ကို ရန်သူ့အခိုင်အမာ ဘန်ကာများ၊ အမြောက်ပစ်ခတ်သည့်နေရာများ၊ ခံစစ်စခန်းများ စသည်တို့ကို တိုက်ခိုက်ဖျက်ဆီးရန် အသုံးပြုနိုင်သလို စစ်မြေပြင်မိုင်းခင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို UGV နှစ်မျိုးအပြင် ရုရှားနိုင်ငံကာကွယ်ရေးစက်မှုလုပ်ငန်းကုမ္ပဏီတစ်ခုမှ ပေါက်ကွဲခဲယမ်းများ သယ်ဆောင်၍ ဖောက်ခွဲတိုက်ခိုက်နိုင်သည့် မောင်းသူမဲ့မြေပြင်သွားဒရုန်း Lyagushka (Frog) ကို တီထွင်ထုတ်လုပ်ခဲ့သည်။ ၎င်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းဖြင့် ရွှံ့လျှားမောင်းနှင်နိုင်ပြီး ပေါက်ကွဲခဲယမ်း ကီလိုဂရမ် ၃၀ ကို သယ်ဆောင်နိုင်သည်။

UGV ဖြင့် ယူကရိန်းတို့၏ တပ်တည်နေရာများတွင် တိုက်ပွဲဝင်စမ်းသပ်နိုင်ခဲ့ကာ စက်သေနတ် ပစ်ခတ်ရာနေရာကို အောင်မြင်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

**Russia change war doctrine with a massive use of modernized goliath drones ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံက ယူကရိန်းသို့ Patriot ဒုံးကျည်စနစ်သစ် ပေးပို့သွားမည်

အမေရိကန်နိုင်ငံသည် ယူကရိန်းသို့ နောက်ထပ် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်စုံကို လာမည့်ရက်ပိုင်းအတွင်း ပေးပို့သွားမည်ဟု အမေရိကန်နိုင်ငံ သတင်းမီဒီယာများက ဇွန် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အနောက်နိုင်ငံမိတ်ဖက်များနှင့်သံတမန်တွေ့ဆုံမှုများပြားခဲ့သော ရက်သတ္တပတ်အတွင်း လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ ထပ်မံပေးပို့သွားရန် ယူကရိန်းသမ္မတ ဇီလန်စကီးက ဇွန် ၁၁ ရက်တွင် ပြောကြားခဲ့ပြီးနောက် ယခုကဲ့သို့ ထပ်မံပေးပို့ရန် ဆုံးဖြတ်ချက်ချမှတ်သည့် သတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ဇီလန်စကီးသည် မကြာသေးမီက ရုရှားတို့၏ ဖိအားပေးထိုးစစ်ဆင်မှုများနှင့် ရင်ဆိုင်နေရသည့် ခါကိဗ်ဒေသ အရှေ့ပိုင်းကိုကာကွယ်ရန်အတွက် နောက်ထပ် Patriot လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များစွာကို တောင်းဆိုခဲ့ကြောင်း သိရသည်။

"ယူကရိန်းအပေါ် ရုရှားရဲ့ အကြီးမားဆုံးမဟာဗျူဟာမြောက် အားသာချက်ကတော့ လေကြောင်းသာလွန်စိုးမိုးထားနိုင်မှုပါပဲ။ ဒါဟာ ရုရှားတပ်တွေကို မြေပြင်စစ်ဆင်ရေးအကျိုးအမြတ်တွေရရှိပိုင်ဆိုင်နိုင်အောင် ကူညီပေးနေတာဖြစ်ပြီး ဒုံးကျည်နဲ့ ဗုံးရန်ဟာ အင်မတန်ကြောက်ဖို့ကောင်းပါတယ်။ လေကြောင်းရန်ကာကွယ်ရေးက တစ်ခုတည်းသောအဖြေပါပဲ"ဟု ဇီလန်စကီးက ဘာလင်တွင် ဇွန် ၁၁ ရက်က ပြုလုပ်သော ယူကရိန်းနိုင်ငံ ပြန်လည်တည်ဆောက်ရေးညီလာခံတွင် ပြောကြားခဲ့သည်။

ယူကရိန်းအတွက် ရည်မှန်းထားသော Patriot လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်ကို ပိုလန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များအား ကာကွယ်စောင့်ရှောက်ပေးရန် လက်ရှိတပ်ဖြန့်ထားပြီး အလှည့်ကျတာဝန်ပြီးဆုံးပါက အမေရိကန်နိုင်ငံထံ ပြန်လည်ပေးပို့ရန်စီစဉ်ထားခြင်းဖြစ်သည်ဟု နယူးယောက်ခ်တိုင်းမ်စ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

တပ်ဖြန့်ရွှေ့ပြောင်းမှုများနှင့် ယူကရိန်းအတွက် ရည်ရွယ်ထားခြင်း ရှိ၊ မရှိ အပေါ် နိုင်ငံတကာသတင်းဌာနများ၏ ဆက်သွယ်မေးမြန်းချက်များကို ပင်တဂွန်စစ်ဌာနချုပ်က တုံ့ပြန်ဖြေကြားထားခြင်းမျိုး မရှိသေးပေ။ ယခုတစ်ကြိမ်နှင့်ဆိုလျှင် အမေရိကန်နိုင်ငံက ယူကရိန်းသို့ ပေးပို့ခဲ့သည်မှာ အနည်းဆုံး Patriot လက်နက်စနစ်နှစ်စုံထိ ရှိသွားပြီဖြစ်သည်။



ဂျာမနီအဓိပတိ အိုလက်ပ်ရှော့သည် ဇွန် ၁၁ ရက်တွင် ဇီလန်စကီးနှင့်အတူ ညီလာခံတက်ရောက်ခဲ့ပြီး မဟာမိတ်များအနေဖြင့် ယူကရိန်း၏လေကြောင်းရန်ကာကွယ်ရေးကိုတတ်နိုင်သမျှ အားကောင်းလာစေရန်၊ ကူညီရန် တိုက်တွန်းပြောကြားခဲ့သည်။ ဂျာမနီသည် ယူကရိန်းအတွက် Patriot လက်နက်စနစ် သုံးစုံထိ ပံ့ပိုးပေးခဲ့ပြီးဖြစ်သည်။

**Washington to Send New Patriot Missile System to Ukraine: US Media ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်လေတပ်အတွက် EOS Veloce 330 အသေခံတိုက်ခိုက်ရေးဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့

ပြင်သစ်နိုင်ငံ EOS Technologie ကုမ္ပဏီမှ Veloce 330 အသေခံတိုက်ခိုက်ရေးဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး မျိုးဆက်သစ် Kamikaze ဒရုန်းအမျိုးအစားဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇွန် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



LARINAE ပရိုဂရမ်၏ မူဘောင်အတွင်း ဒီဇိုင်းထုတ်ထားသည့် ဤဒရုန်းသည် ကီလိုမီတာ ၅၀ အသွားအပြန်အတွင်း သံချပ်ကာပစ်မှတ်များကို ချေမှုန်းနိုင်သည့် တာလတ်ပစ် တိုက်စွမ်းရည်ရှိသော အဝေးထိန်းလုပ်ဆောင်နိုင်သည့် အသေခံတိုက်ခိုက်ရေးဒရုန်းအမျိုးအစားပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဧပြီလတွင် စတင်မိတ်ဆက်နိုင်ခဲ့ပြီး ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းတွင် ၂၀၂၄ ခုနှစ် ဇွန် ၁၁ ရက်တွင် ပြင်သစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူရေးနှင့်နည်းပညာအေဂျင်စီ (DGA) အတွက် လေကြောင်းပျံသန်းသရုပ်ပြမှုကိုပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Veloce 330 အသေခံတိုက်ခိုက်ရေးဒရုန်းကို အကွာအဝေးကီလိုမီတာ ၈၀ နှင့် လေထဲတွင် သုံးနာရီကြာပျံသန်းတိုက်ပွဲဝင်နိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားသည်။ ဒေါင်လိုက် အတက်အဆင်းပြုနိုင်မည်ဖြစ်ပြီး ရန်သူ့ခံစစ်စည်းများကို တန်ပြန်ကျော်လွှားတိုက်ပွဲဝင်နိုင်စေရန်အတွက် Core Generating Charge ပေါက်ကွဲခဲယမ်းအမျိုးအစားများ အသုံးပြုထားသည်။ TRAAK မှတီထွင်ထားသည့် GPS မသုံးဘဲ Jamming-Resistant Navigation System လမ်းညွှန်စနစ်ကိုအသုံးပြုပေးထားသည်။

တိုက်ခိုက်မှုစွမ်းရည်များအပြင် Veloce 330 သည် နေ့ဘက်တွင် အကွာအဝေး ၁၅ ကီလိုမီတာထိ ယာဉ်များကို ထောက်လှမ်းနိုင်သည့် Optronic အာရုံခံစနစ်တပ်ဆင်ထားသည့်အတွက် ထောက်လှမ်းရေးမစ်ရှင်များကိုလည်း တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အဆိုပါ အသေခံတိုက်ခိုက်ရေးဒရုန်းများသည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်မှုတွင် လူသားအော်ပရေတာများ၏ ဝင်ရောက်ထိန်းကျောင်းမှုဖြင့်သာ ဆုံးဖြတ်လုပ်ဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။

EOS Technologie ကုမ္ပဏီ၏ CEO ဖြစ်သူ Jean-Marc Zuliani က Veloce 330 ဒရုန်း၏ အလွန်နိမ့်စွာပျံသန်းနိုင်မှုကြောင့် ဒရုန်းကို ကြားဖြတ်ပစ်ချရန် ခက်ခဲမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဒရုန်းပျံသန်းမှုအသံကြားချိန်တွင် ရန်သူများအတွက် တန်ပြန်ရန်အချိန်နောက်ကျသွားပြီဖြစ်သည်ဟု ရယ်ရယ်မောမောဖြင့် အရွှန်းဖောက်ပြောဆိုခဲ့ကြောင်း သိရသည်။

EOS Technologies အနေဖြင့် ဒရုန်း ၁၀ စင်းကို တိုက်ပွဲဝင်အသင့်ထုတ်လုပ်ထားနိုင်ခဲ့ပြီး နောက်ထပ် အစင်း ၂၀ ကို လာမည့်ရက်သတ္တပတ်များအတွင်း တိုက်ပွဲဝင်အသင့်အဆင့်ထိ ထုတ်လုပ်ပေးသွားနိုင်လိမ့်မည်ဟု ၎င်းကပြောကြားခဲ့သည်။ ပြင်သစ်တပ်မတော်အနေဖြင့်ယခုအချိန်တွင် အဆိုပါဒရုန်းများကိုစမ်းသပ်အသုံးပြုနိုင်ရေးအတွက် ဝယ်ယူရေးအမှာစာများ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

**French Made EOS Veloce 330 UAV finally available for Air force ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၃၁၅ ကေထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၀၅ ကေနှင့်ဖူးစားပြောင်း ၅၄၉၁ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၉၈ ကေနှင့်ဖူးစားပြောင်း ၂၂၁၇ ကေ စုစုပေါင်း ၂၃၁၅ ကေထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ကေ ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ကေ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင်အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ်ငါးသိန်း ကုန်ကျကြောင်း၊ ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် ပုတ်ပျံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**နမ့်စန် ဇွန် ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်လစ်ကျေးရွာအုပ်စု ပုတ်ပျံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမြ၊ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့်တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် ချင်းစိုက်ပျိုးရေးလုပ်ငန်း၊ နာနတ်စိုက်ပျိုးရေးလုပ်ငန်း၊ ပြောင်းစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ ငွေစာရင်းပုံစံများဖြည့်သွင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



နမ့်စန်မြို့နယ် ပုတ်ပျံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၆၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၂၆ သိန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီမှူး ဦးခွန်ဇော်မျိုးထွန်းထံမှ သိရသည်။

**သံသာ**

# နတ်မောက်မြို့နယ် မရိုးတောကျေးရွာတွင် VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**နတ်မောက် ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မရိုးတောကျေးရွာ၌ ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မိမိတို့ဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ ပကတိလိုအပ်ချက်များပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို မိမိတို့ကိုယ်တိုင်ရေးဆွဲပြီး အဆိုပါစီမံချက်များကို မြို့နယ်စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေတို့ ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတိုးတိုးအောင်က စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် ကျေးရွာကော်မတီဝင်များ လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသော ကျေးရွာသူ၊ကျေးရွာသားများကစီမံကိန်းကော်မတီဝင်များကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၈-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဇွန် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း-မဲခေါင် နိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး မြှင့်တင်ခြင်းစီမံကိန်းက ဖွင့်လှစ်ပို့ချသည့် အသိပညာပေးအစီအစဉ်ကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးအစီအစဉ်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ပသို့ လယ်ယာထွက်ကုန်များ တင်ပို့လျက်ရှိသည့် ကုမ္ပဏီကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အသိပညာပေးအစီအစဉ်ကျင်းပခြင်းအားဖြင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်မည်ဖြစ်သည့်အပြင် မိမိတို့နိုင်ငံ၏ အခြေခံကုန်ထုတ်လုပ်သူများဖြစ်သော တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများအနေဖြင့် ဒေသတွင်းထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တွင် ပါဝင်ဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများလည်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ စိုက်ပျိုးရေးကဏ္ဍအသွင်ကူးပြောင်းရေးကို ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုကွင်းဆက်ကိုလည်း မျှတစွာ အသွင်ကူးပြောင်းရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုင်းသည် ပြည်တွင်း၊ ပြည်ပဈေးကွက်အလိုအရသာ ထုတ်လုပ်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အသိပညာပေးအစီအစဉ် ဖွင့်လှစ်ပို့ချရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် သက်ဆိုင်ရာဦးစီးဌာနအလိုက် တာဝန်ရှိသူများက တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)၏ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် လယ်ယာထွက်ကုန်ကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် ရေထွက်ကုန်ကဏ္ဍများ စစ်ဆေးခြင်းဆိုင်ရာများကို အသိပညာပေးဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# စိုက်ပျိုး၊ မွေးမြူရေးအခြေခံ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီ



**နေပြည်တော် ဇွန် ၁၈**

စိုက်ပျိုး၊မွေးမြူရေး အခြေခံ အသေးစား၊ အငယ်စား၊ အလတ်စား (MSME)လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်၌ ရောက်ရှိနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းက နမ့်စန်မြို့နယ် တောင်သူ ဦးဝင်းဇော်၏ မင်္ဂလာဒေးမီးယား ကုန်ချောထုတ်စက်ရုံ၌ ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့် ဆောင်ရွက်နေမှု၊ အချိုးကျငါးအစာဖော်စပ်ခြင်းနှင့် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို အကြံပြုဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လွိုင်လင်ခရိုင် ပဲပုပ်စိုက်တောင်သူများနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်၏ ရေမြေရာသီဥတုတွင် အောင်မြင်ဖြစ်ထွန်းသည့် ဆီထွက်ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးရန် လိုအပ်ချက်များ၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးကို အထောက်အကူပြုနိုင်မှုနှင့် ပဲပုပ်ကြိတ်ဖတ်များကို တိရစ္ဆာန်အစာအဖြစ် သွင်းကုန်အစားထိုးအသုံးပြုနိုင်မှု၊ တောင်သူအကျိုးစီးပွားဖြစ်ထွန်းနိုင်မှုတို့ကို ဆွေးနွေးပြောကြားပြီး တောင်သူများကို ဆီထွက်ပဲပုပ်မျိုးစေ့များနှင့် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လွိုင်လင်ခရိုင် အမှတ်(၁)အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ရောက်ရှိပြီး ဘာသာရပ်အလိုက် စာပေသင်ကြားပို့ချနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စုအနီးရှိ မွေးမြူရေးဇုန် လျာထားမြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပေါင်လင်းကျေးရွာအုပ်စု လုံးတန်ကျေးရွာရှိ ရွှေထွန်းဥစားကြက်မွေးမြူရေးခြံ၌ ဥစားကြက်အကောင် ၁၀၀၀၀ မွေးမြူလုပ်ကိုင်နေမှုနှင့် ဟိုပုံးမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့သို့ ကြက်ဥဖြန့်ဖြူးရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ မွေးမြူရေးလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သရက်သီးတန်ဖိုးမြှင့်ထုတ်ကုန် အဆင့်မြင့်သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)တို့ ပူးပေါင်း၍ သရက်သီးတန်ဖိုးမြှင့်ထုတ်ကုန် (Value Added Product) အဆင့်မြင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာ စတုတ္ထထပ် MRCCI ရုံးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာနနှင့် MRCCI တို့မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး MRCCI အသင်းဥက္ကဋ္ဌ ဦးဝင်းဌေးက အသင်း၏ လုပ်ငန်းလုပ်ဆောင်နေမှုများနှင့် သင်တန်းများ ဖွင့်လှစ်နေမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်မျိုးမိခိုင်က သင်တန်းနှင့် သင်တန်းတွင် ပို့ချမည့် အကြောင်းအရာများကိုလည်းကောင်း၊ MRCCI အသင်းဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးဇော်ထွန်းလွင်<br>အထွေထွေမန်နေဂျာ<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးမျိုးသန်း<br>အထွေထွေမန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် ဇွန် ၁၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ထားဝယ်မြို့အဝင်ရှိ အိမ်ရှေ့ပြင်စာသင်ကျောင်းကို PDF စစ်သွေးကြွတွေ ဗုံးဖောက်ခွဲမှုကြောင့် ကလေးငယ်သုံးဦးသေဆုံးကာ ၂၀ ကျော် ဒဏ်ရာရရှိခဲ့မှု"**ခေါင်းစဉ်ဖြင့် ၁၉-၆-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ယုံစား ပုံမှားမိကြလို့ နေစရာပျောက်၊ ပင်စင်ပျောက်၊ လမ်းဘေးရောက်ခဲ့ကြရတဲ့ သစ္စာဖောက်နိုင်ငံ့ဝန်ထမ်းတွေရဲ့ ပကတိဘဝအခြေအနေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# စိုက်ပျိုးစီးပွားပညာအားတို့ အောင်မြင်ဖြစ်ထွန်းသာယာမိတ္ထီလာ

ဘုန်းမောင်ဝင်း(ဗျာပုံ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကို ရင်းရင်းနှီးနှီး လိုက်လံအားပေးကြည့်ရှုစဉ်။

မြန်မာနိုင်ငံမှာ မင်းကြီးစွာစော်ကဲ၊ ဆင်ဖြူရှင်နဲ့ မင်းခေါင်ဆိုတဲ့ မင်းသုံးဆက်တိုင်တိုင် လေးစားအားထားရတဲ့ ပညာရှင်ကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ အဲဒီပညာရှင်ကြီးကတော့ ယနေ့တိုင်မမေ့နိုင်တဲ့ ဝန်ဇင်းမင်းရာဇာဖြစ်ပါတယ်။ ဝန်ဇင်းမင်းရာဇာလို့ဆိုလိုက်တာနဲ့ မိတ္ထီလာဆိုတဲ့ အမည်ကကပ်ပါလာပြီးသားဖြစ်ပါတယ်။ ခေတ်ကာလအပိုင်းအခြားကတော့ အင်းဝခေတ်မှာဖြစ်ခဲ့တာပါ။ မိတ္ထီလာဆိုတာ ပုဂံခေတ်ကတည်းက ရှိနေခဲ့တဲ့ မြို့တစ်မြို့ သို့မဟုတ် ဒေသတစ်ခုဖြစ်ပါတယ်။ ဝန်ဇင်းမင်းရာဇာလို့ မြန်မာ့သမိုင်းမှာ ပေါ်ထွန်းလာတဲ့ ပညာရှင်ကြီးဟာ ဝန်ဇင်းရွာသူကြီးရဲ့ သမက်ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက စာပေဗဟုသုတကို ကြွယ်ဝအောင် လေ့လာလိုက်စားခဲ့လို့ ဗဟုသုတနဲ့ ပြည့်စုံကြွယ်ဝသူဖြစ်ပါတယ်။ အရပ်ထဲမှာတော့ သူ့ကို **စာတိုင်ညို**လို့ ခေါ်ကြပါတယ်။

မြန်မာသက္ကရာဇ် ၇၃၀ ပြည့်နှစ်၊ (ခရစ်နှစ် ၁၃၃၈ ခုနှစ်)မှာ မိတ္ထီလာကန်တော်ကြီးကျိုးပေါက်ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ အင်းဝဘုရင်မင်းကြီးစွာစော်ကဲဟာ နိုင်ငံတော်အားနဲ့ချီ၍ ဆည်ဖို့ပြုပြင်တော်မူပါတယ်။ ကန်ပေါင်ရိုးပေါ်မှာ မိန်းမရုပ်နဲ့ နတ်ကွန်းနတ်နန်းတစ်ခုတွေ့မြင်ရတဲ့အခါ သိမိလောက်တဲ့သူတွေကို မေးမြန်းခဲ့ပါတယ်။ ဘယ်သူမှပိုင်ပိုင်နိုင်နိုင်တိတိကျကျမဖြေနိုင်၊ မတင်လျှောက်နိုင်ခဲ့ပါဘူး။ နောက်ဆုံးမှာတော့ဝန်ဇင်းရွာသူကြီးရဲ့သမက်ဟာ ပညာအမှတ်အသားများပါတယ်လို့ လျှောက်ထားတဲ့အတွက် ရှေ့တော်ကိုခေါ်ယူမေးမြန်းခဲ့ပါတယ်။ အကြောင်းအရာကိုအချက်အလက်စုံစွာနဲ့ဖြေဆိုနိုင်ခဲ့လို့ မင်းကြီးစွာစော်ကဲက လွန်စွာသဘောကျနှစ်ခြိုက်သွားပြီး နန်းတော်ကိုခေါ်ယူသွားခဲ့ပါတယ်။

နန်းတော်ထဲကိုရောက်တဲ့အခါစည်းတပစ်အမည်နဲ့သူကောင်းပြုပါတယ်။ စည်းတပစ်ဆိုတာ လရောင်ကဲ့သို့ထွန်းလင်းတောက်ပသော အမတ်ကြီးလို့အဓိပ္ပာယ်ရပါတယ်။ အဲဒီနောက်မှာတော့ ဘုရင်မှာအခက်အခဲကြုံလို့မေးသမျှပြဿနာတိုင်းကို ကျေနပ်အောင်ဖြေရှင်းနိုင်တဲ့အတွက် ဘုရင်ကနှစ်သက်သဘောကျပြီး **မင်းရာဇာ** အမည်နဲ့အမတ်ကြီးခန့်တော်မူခဲ့ပါတယ်။ ဒီကနေ့တိုင် ဝန်ဇင်းမင်းရာဇာဆိုတဲ့အမည်ကို သိကြပါတယ်။ သူ့ရဲ့လုံ့လ၊ ဝီရိယနဲ့ ပညာရှာမှီးမှုတွေဟာ လူငယ်မောင်မယ်တိုင်းအတွက်အတုယူစရာဖြစ်ပါတယ်။ ဝန်ဇင်းမင်းရာဇာနဲ့ပတ်သက်လို့ မြန်မာစာပေလောကမှာ **မဏိရတနာပုံကျမ်း** ဆိုတာရှိပါတယ်။ အင်းဝခေတ်ရဲ့လူမှုဆက်ဆံရေးအခြေအနေတွေကိုဖော်ပြထားတဲ့လျှောက်ထုံးတွေဖြစ်ပါတယ်။ အဲဒီခေတ်ရဲ့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုပြဿနာတွေကိုဖြေရှင်းထားတဲ့လျှောက်ထုံးတွေကို ဖော်ပြထားပါတယ်။

မိတ္ထီလာမြို့ဆိုတာနဲ့ မိတ္ထီလာကန်တော်ကြီးကိုမျက်စိထဲမှာကွက်ကွက်ကွင်းကွင်းမြင်ရပါတယ်။ ကျွန်တော် လူမှန်းသိတတ်စအရွယ်ကတည်းက မိတ္ထီလာဆိုတဲ့ အမည်ကို နားရည်ဝခဲ့ပါတယ်။ “လူကလေးရဲ့ ချော့စရာ၊ မိတ္ထီလာကန်တော်အောက်က၊ ဖားကောက်ခဲ့ပါ။ ဖားပါရင်တစ်ကောင်ပေးပါ၊ မျက်လုံးရယ်ကြောင်တောင်နဲ့၊ ဖားကောင်ကလေး” ဆိုတဲ့သားချော့တေးနဲ့အမေတိုင်းက သား၊ သမီးတိုင်းကို ချော့သိပ်လေ့ရှိတာမို့ မိတ္ထီလာဆိုတဲ့အမည်ကိုရင်းနှီးခဲ့တာဖြစ်ပါတယ်။ အဲဒီမိတ္ထီလာကန်တော်ကြီးဆိုတာကလည်း ပုဂံခေတ်ကတည်းက တည်ရှိနေခဲ့တာဖြစ်ပါတယ်။ ဒီကနေ့ခေတ်ကာလမှာတော့ မိတ္ထီလာကန်တော်ကြီးဟာ တကယ့်ကိုသာယာကြည်နူးဖွယ်ကောင်းလှပါတယ်။ ကန်တော်ပတ်လည်မှာ လေကောင်းလေသန့်ရရှိဖို့ လမ်းလျှောက်သွားလာသူတွေနဲ့ စည်ကားလှပါတယ်။

မိတ္ထီလာဟာ လမ်းဆုံမြို့ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘက်ကိုသွားနိုင်သလို မန္တလေးဘက်ကိုလည်းသွားနိုင်ပါတယ်။ ထို့အတူ ပုပ္ပား၊ ကျောက်ပန်းတောင်းဘက်၊ ချောက်၊ ရေနံချောင်းဘက်ကိုလည်းသွားလို့ရတယ်။ မြင်းခြံ၊ ပခုက္ကူ မြို့ဘက်ကိုလည်းသွားနိုင်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းကြီး မပေါက်မီက မိတ္ထီလာဟာ အချက်အချာကျလှတဲ့မြို့ဖြစ်ပါတယ်။ ဒီကနေ့ကာလမှာလည်း မိတ္ထီလာဟာပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုမြင့်မားလျက်ရှိတဲ့ ခရိုင်မြို့တစ်မြို့ဖြစ်ပါတယ်။ ဧရိယာအကျယ်အဝန်းအားဖြင့် ၂၂၃၅ ဒသမ ၂၅ စတုရန်းမိုင်ကျယ်ဝန်းပါတယ်။

မိတ္ထီလာခရိုင်အတွင်းမှာ မိုးစပါး၊ နွေစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနဲ့ ဝါစိုက်ပျိုးကြပါတယ်။ မွေးမြူထားတဲ့ တိရစ္ဆာန်တွေကတော့ ကျွဲ၊ နို့စားနွား၊ ဒေသနွား၊ ဝက်၊ သိုး/ဆိတ်၊ အသားစားကြက်၊ ဥစားကြက်၊ ဒေသကြက်၊ ဥစားဘဲ၊ အသားစားဘဲတို့မွေးမြူပါတယ်။ မိတ္ထီလာခရိုင်အနေနဲ့ ကြက်သွန်နီစိုက်ပျိုးထွက်ရှိမှုမှာလည်း တစ်နိုင်ငံလုံးရဲ့ ၆ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ မိတ္ထီလာခရိုင်မှာ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်၊ သာစည်မြို့နယ်တို့ပါဝင်ပါတယ်။ မိတ္ထီလာခရိုင်တစ်ခုလုံးကို ခြုံကြည့်မယ်ဆိုရင် မြန်မာနိုင်ငံသားတွေအတွက် စားသောက်ရေးနဲ့ အဝတ်အထည်တွေ ထုတ်လုပ်ပေးနေတဲ့ဒေသတစ်ခုလို့ ဆိုနိုင်ပါတယ်။

ရှေးကမြန်မာမင်းအဆက်ဆက်တို့အနေနဲ့ မိတ္ထီလာဒေသကို လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေကိုဖြည့်ဆည်းပေးလေ့ရှိပါတယ်။ ဆန်ရေစပါးပေါကြွယ်ဝဖို့အတွက် ဆည်မြောင်းတာတမံတွေ တည်ဆောက်ပေးတာမျိုးရှိပါတယ်။ ယနေ့ကာလမှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာ ဇွန်လ ၁၅ ရက်ကစတင်လို့ မိတ္ထီလာဒေသကို သွားရောက်ခဲ့ပါတယ်။ ဇွန်လ ၁၅ ရက်နေ့နံနက်ပိုင်းမှာတော့ မိတ္ထီလာခရိုင်အတွင်းမှာရှိတဲ့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းတွေ၊ မြို့မိမြို့ဖတွေနဲ့ ကန်တော်မင်္ဂလာခန်းမမှာတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စတွေကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကဆွေးနွေးပြောကြားရာမှာတော့ **“မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏အချက်အချာကျသည့် နေရာဒေသတစ်ခုဖြစ်ပြီး သွားလာမှုများလွယ်ကူချောမွေ့သည့် အခြေခံကောင်းများရှိကြောင်း၊ အလားတူပညာရေးနှင့်ပတ်သက်၍လည်း စာသင်ကျောင်းများ များစွာရှိပြီးဖြစ်သဖြင့် ပညာရေးအခြေခံကောင်းများရှိကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသတိုးတက်ရေးအတွက် ရှိပြီးသားအခြေခံကောင်းများကို အသုံးချ၍ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသအတွင်းရှိ ပြည်သူများအနေဖြင့် တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မိတ္ထီလာဒေသသည်တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တတ်နိုင်သမျှပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သည့်ဒေသခံများ၏ကြိုးပမ်းအားထုတ်မှုသည်သာလျှင် အဓိကကျကြောင်း”** ထည့်သွင်းပြောကြားခဲ့ပါတယ်။

မိတ္ထီလာဒေသမှာဆည်များ၊ ချောင်းများရှိပြီးဖြစ်လို့ ဥတုရာသီ တောကိုမှီဆိုတဲ့အတိုင်း သစ်တောသစ်ပင်တွေကို သတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်ကြမယ်ဆိုပါက ဒေသတွင်းစိမ်းလန်းစိုပြည်မှုနဲ့ စိုက်ပျိုးရေရရှိရေးကို **စာမျက်နှာ ၂၁ သို့**

### ၂၀၁၃-၂၀၁၄ ခုနှစ်၊ မိတ္ထီလာခရိုင်၊ နှစ်သီးစိုက်ပျိုးပြီး၊ ပန်းတိုင်အထွက်နှုန်းထွက်ရှိပါက ဆန်ဖူလုံမှုအခြေအနေ

| စဉ် | မြို့နယ် | ၂၀၁၃-၂၀၁၄ ခုနှစ်စိုက်ဧက | | | ပန်းတိုင်အထွက်နှုန်း | | အထွက်တင်း | | | ဝမ်းစာလိုအပ်ချက် | ဖူလုံမှု (%) |
|---|---|---|---|---|---|---|---|---|---|---|---|
| | | မိုးစပါး | နွေစပါး | ပေါင်း | မိုး | နွေ | မိုးစပါး | နွေစပါး | ပေါင်း | | |
| ၁ | မိတ္ထီလာ | ၁၂,၆၁၉ | ၁၂,၆၁၉ | ၂၅,၂၃၈ | ၁၀၀ | ၁၁၀ | ၁,၂၆၁,၉၀၀ | ၁,၃၈၈,၀၉၀ | ၂,၆၄၉,၉၉၀ | ၅,၀၃၃,၇၄၅ | ၅၁ |
| ၂ | ဝမ်းတွင်း | ၅၉,၀၉၇ | ၅၉,၀၉၇ | ၁၁၈,၁၉၄ | ၁၀၀ | ၁၁၀ | ၅,၉၀၉,၇၀၀ | ၆,၅၀၀,၆၇၀ | ၁၂,၄၁၀,၃၇၀ | ၃,၆၉၄,၈၃၀ | ၂၉၀ |
| ၃ | မလှိုင် | ၅,၉၁၉ | ၅,၉၁၉ | ၁၁,၈၃၈ | ၁၀၀ | ၁၁၀ | ၅၉၁,၉၀၀ | ၆၅၁,၀၉၀ | ၁,၂၄၂,၉၉၀ | ၂,၆၈၃,၈၉၀ | ၄၅ |
| ၄ | သာစည် | ၃၆,၆၂၂ | ၃၆,၆၂၂ | ၇၃,၂၄၄ | ၁၀၀ | ၁၁၀ | ၃,၆၆၂,၂၀၀ | ၄,၀၂၈,၄၂၀ | ၇,၆၉၀,၆၂၀ | ၃,၁၇၈,၇၄၀ | ၂၃၇ |
| ပေါင်း | | ၁၁၄,၂၅၇ | ၁၁၄,၂၅၇ | ၂၂၈,၅၁၄ | ၁၀၀ | ၁၁၀ | ၁၁,၄၂၅,၇၀၀ | ၁၂,၅၆၈,၂၇၀ | ၂၃,၉၉၃,၉၇၀ | ၁၄,၅၉၁,၂၀၅ | ၁၅၂ |

**မှတ်ချက်။** (၁) စပါးတင်း(၁၀၀) ကြိတ်လျှင် ဆန် (၁.၂၉၆)တန် ထွက်ရှိနှုန်းဖြင့်တွက်ချက်ထားပါသည်။
(၂) နှစ်သီးစိုက်ပျိုးရန် တွက်ချက်ရာတွင် မိုးစပါးဧရိယာအားလုံးတွင် သီးထပ်စိုက်ပျိုးရန် လျာထားတွက်ချက်ခြင်းဖြစ်ပါသည်။
(၃) မိတ္ထီလာခရိုင်အတွင်း သီးထပ်စိုက်ပျိုးရန် လိုအပ်ချက်မှာ ရေရရှိရေးဖြစ်ပါသည်။

### ၂၀၁၃-၂၀၁၄ ခုနှစ် မိတ္ထီလာခရိုင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု

| စဉ် | နိုင်ငံ | စိုက်ဧရိယာ | | တစ်ဧကအထွက်နှုန်း | | အထွက်ပေါင်း | |
|---|---|---|---|---|---|---|---|
| | | ဟက်တာ | ဧက | တန်/ဟက်တာ | ပိဿာ/ဧက | တန် | ပိဿာ |
| ၁ | ဘင်္ဂလားဒေ့ရှ် | ၂၀၅,၄၀၅ | ၅၀၇,၅၅၆ | ၁၂.၂၅ | ၃,၀၃၆.၉၆ | ၂,၅၁၇,၀၇၀ | ၁,၅၄၁,၄၂၈,၄၉၇ |
| ၂ | တရုတ် | ၁,၁၂၂,၈၇၁ | ၂,၇၇၄,၆၁၄ | ၂၁.၉၁ | ၅,၄၃၀.၆၃ | ၂၄,၆၀၅,၁၀၀ | ၁၅,၀၆၇,၉၁၇,၁၈၉ |
| ၃ | အိန္ဒိယ | ၁,၉၄၁,၀၀၀ | ၄,၇၉၆,၂၁၁ | ၁၆.၃၃ | ၄,၀၄၅.၈၆ | ၃၁,၆၈၇,၀၀၀ | ၁၉,၄၀၄,၈၀၁,၉၃၀ |
| ၄ | ထိုင်း | ၁,၄၄၉ | ၃,၅၈၀ | ၂၅.၀၈ | ၆,၂၁၄.၅၈ | ၃၆,၃၃၅ | ၂၂,၂၅၁,၁၉၁ |
| ၅ | ဗီယက်နမ် | ၉၈,၂၇၁ | ၂၄၂,၈၂၈ | ၃.၅၉ | ၈၈၉.၃၀ | ၃၅၂,၆၂၈ | ၂၁၅,၉၄၅,၈၆၁ |
| ၆ | မြန်မာ | ၇၀,၉၇၀ | ၁၇၅,၃၆၈ | ၁၄.၉ | ၃,၆၉၁.၆၂ | ၁,၀၅၇,၁၅၆ | ၆၄၇,၃၉၂,၀၃၁ |
| ၇ | မိတ္ထီလာခရိုင် | ၅,၄၂၁ | ၁၃,၃၉၆ | ၁၃.၅၈ | ၃,၃၆၆.၆၄ | ၇၃,၆၄၅ | ၄၅,၀၉၉,၄၇၆ |

**ရှင်းလင်းချက်။** - တစ်ဟက်တာ = ၂.၄၇၁ ဧက၊ တစ်တန် = ၆၁၂.၃၉ ပိဿာ

**မှတ်ချက်။** မိတ္ထီလာခရိုင်၏ ကြက်သွန်နီထွက်ရှိမှုမှာ တစ်နိုင်ငံလုံး၏ ၆.၉၇ ရာခိုင်နှုန်း ဖြစ်ပါသည်။

စာမျက်နှာ ၂၀ မှအဆက်


ဖြစ်ပေါ်စေနိုင်ပါတယ်။ ဆည်တွေမှာ ရေဝေရေလဲသစ်တောတွေ စိုက်ပျိုးသွားမယ်ဆိုပါကလည်း ရေများမပြတ်ရရှိအောင် ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်ချက်လေးခုအနက်မှာ ရေရရှိရေးကလည်း တစ်ချက်ဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးတွေဖြစ်ထွန်းအောင်မြင်ဖို့ရေရရှိရေးအတွက် ဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေကိုလည်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့တာဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်လို့လည်း မိမိတို့ရဲ့သားသမီးတွေ တန်းစဉ်ကူးပြောင်းမှု မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာရေးကိုအားပေးမှသာ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်တဲ့ပညာတတ်တွေ မွေးထုတ်နိုင်ပြီး ဒေသရဲ့လူမှုစီးပွားဘဝများလည်း များစွာဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိတ္ထီလာခရိုင်အတွင်းမှာရှိတဲ့ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများနဲ့ ဒေသထုတ်ကုန်လုပ်ငန်းဆောင်ရွက်နေမှုတွေကို သွားရောက်ကြည့်ရှုအားပေးခဲ့တာလည်း တွေ့ရှိရပါတယ်။ မိတ္ထီလာ-သာစည်လမ်းမှာရှိတဲ့ ဦးမြဟန် ဆိတ်နှင့်သိုးမွေးမြူရေးလုပ်ငန်း၊ ဆူးဖြူခက်ကျေးရွာရှိ GARDEN FAMILY ဆိတ်မွေးမြူရေးလုပ်ငန်း၊ တောမကျေးရွာရှိ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှု အားပေးခဲ့ပါတယ်။ ဒါ့အပြင် ဝမ်းတွင်း၊ သာစည်၊ မိတ္ထီလာ၊ ရွှေတောင်၊ အမရပူရမြို့နယ်တွေက ရက်ကန်းလုပ်ငန်းရှင်တွေ စုပေါင်းတည်ထောင်ထားတဲ့ Leader of Textile Public Co.,Ltd. နဲ့ ဝမ်းတွင်းမြို့ရှိ ရွှေသဲတောကုမ္ပဏီ၊ ကိန္နရီချည်ချောလုံချည်ထုတ်လုပ်ရေးလုပ်ငန်းစုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ပါတယ်။ ဒီလုပ်ငန်းတွေအားလုံးရဲ့ အောင်မြင်တိုးတက်မှုတွေကို ဇွန်လ ၁၅ ရက်ညပိုင်းမှာထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်မြင်သံကြားသတင်းမှာ ပြည်သူတွေ မြင်တွေ့ခဲ့ပြီးဖြစ်ပါတယ်။ အားရဖွယ်လည်းကောင်းလှပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံတော်ကို ဘက်စုံထောင့်စုံကဏ္ဍစုံမှာဖွံ့ဖြိုးတိုးတက်ဖို့ စိတ်ရောကိုယ်ပါဦးဆောင်လျက်ရှိပါတယ်။ ဒါ့ကြောင့်လည်း “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး” ကို စီးပွားရေးဦးတည်ချက်တစ်ရပ်အဖြစ်ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဆိုတာ လူတစ်ယောက်ရဲ့ဘဝလိုပါပဲ။ ငွေကြေးဥစ္စာပေါများချမ်းသာပြီး အခြွေအရံများများရှိနေမှသာ လူရှိသေရှင်ရှိသေဖြစ်မှာပါ။ နိုင်ငံလည်းထို့အတူပါပဲ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေမြင့်မားနေမှသာ ကမ္ဘာ့အလယ်မှာတင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည်ရပ်တည်နေနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အရပ်ဘက်၊ စစ်ဘက် သဘောထားညီမျှစွာ ပူးပေါင်းဆောင်ရွက်တဲ့အချိန်တွေဟာ နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သလို အရပ်ဘက်၊ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုမရှိရင်လည်း နိုင်ငံဖွံ့ဖြိုးရေးအရှိန်တွေလျော့ကျမှာဖြစ်ပါတယ်။ တပ်မတော်ကတည်ထောင်ထားတဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ စိုက်ပျိုးမွေးမြူရေးတွေဆိုတာ တပ်မတော်အတွက်သာမက ပြည်သူလူထုအတွက်ပါရည်ရွယ်ပြီး ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ ကုန်ထုတ်လုပ်မှုစွမ်းအားတွေမြင့်မားတိုးတက်ဖို့၊ အရည်အသွေးကောင်းကောင်းနဲ့ ထုတ်လုပ်ဖို့နဲ့ ဈေးနှုန်းချိုသာစွာ၊ သက်သက်သာသာနဲ့ ပြည်သူတွေကိုရောင်းချပေးဖို့ အမြဲတမ်းလမ်းညွှန်လေ့ရှိပါတယ်။ ဒါဟာပြည်သူတွေအပေါ် ထားရှိတဲ့ သဘောထားဖြစ်ပါတယ်။ အရည်အသွေးကောင်းကောင်း၊ ဈေးနှုန်းချိုချိုသာသာနဲ့ ပြည်တွင်းကထုတ်လုပ်နိုင်အောင် လုပ်ဆောင်နိုင်မယ်ဆိုရင် ပြည်ပကနေ တင်သွင်းမှုတွေ လျော့နည်းသွားပြီး နိုင်ငံ့စီးပွားမြင့်မားလာမှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန်လ ၁၇ ရက်နေ့မှာ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့တင်ပြချက်အပေါ်မှာ **“ပြည်ပသို့ဝါများကို ရောင်းချမည့်အစား ပြည်တွင်း၌လိုအပ်လျက်ရှိသည့် အဆင့်မီချည်များကို ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း အပါအဝင် အခြေခံချည်ထည်အမျိုးမျိုးကို ပြည်တွင်း၌ထုတ်လုပ်နိုင်ပြီးဖြစ်သောကြောင့် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်လျှော့ကျစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့်ဝါများဖြင့်အရည်အသွေးမြင့် ချည်ထည်နှင့် ပိတ်များ ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် အငယ်စား၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့်အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း”** နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့ပါတယ်။




နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများနဲ့ပတ်သက်၍ အထူးအလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးကို အလေးထားလုပ်ဆောင်နေပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးကို စီမံဆောင်ရွက်ပေးထားပါတယ်။ နိုင်ငံတော်၏လူမှုရေးဦးတည်ချက်တွင် “နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး” ဟူ၍ ချမှတ်ထားပါတယ်။ ပညာတတ်များပေါများမှသာ ဒေသအကျိုး၊ နိုင်ငံအကျိုးကို ပိုမိုဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုတွေမှာ အထောက်အကူပြုနိုင်တဲ့ပညာရှင်တွေထွန်းကားလာဖို့အတွက် လူတိုင်းလက်လှမ်းမီတဲ့ ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။

စနစ်သစ်ပညာရေးအရ Grade 9 ပြီးမြောက်အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူတွေအတွက် ရွေးချယ်ပညာသင်ကြားနိုင်ဖို့နည်းလမ်းလေးသွယ်ကိုလည်း ချမှတ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတိုင်းတစ်ယောက်မကျန် တန်းစဉ်ကူးပြောင်းနိုင်ပြီး ပညာရေးကို ဆုံးခန်းတိုင်သင်ယူနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးထားခြင်းလည်းဖြစ်ပါတယ်။ ဒီရည်မှန်းချက်အောင်မြင်ဖို့ဆိုရင် မိဘတိုင်းက အလေးထားရမှာဖြစ်သလို ဆရာ၊ ဆရာမများအနေနဲ့ ဆရာဝတ္တရားငါးပါးမှာပါတဲ့“သင့်ရာအပ်ပို့” ဆိုတဲ့အတိုင်း မိမိတို့တပည့်တွေရဲ့ဝါသနာပါရာ အရည်အချင်းတွေအလိုက် Grade 9 ပြီးမြောက်က သင့်တော်တဲ့နည်းလမ်းကို ညွှန်ပြပေးကြရမှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဇွန်လ ၁၇ ရက်နေ့မှာ မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ) သို့သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူတွေ အေးချမ်းစွာပညာသင်ကြားနေမှုကို ရင်းရင်းနှီးနှီးလိုက်လံအားပေးကြည့်ရှုပြီး ဆရာ၊ ဆရာမများရဲ့ တင်ပြချက်တွေအပေါ် လိုအပ်တာတွေဖြည့်ဆည်းပေးခဲ့ပါတယ်။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး၊ ကျောင်းရှိပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများကောင်းမွန်ပြည့်စုံစေရေးနဲ့ ကျောင်းသား၊ ကျောင်းသူများ စာပေပညာကိုသာမက အသက်အရွယ်နဲ့ ကိုက်ညီသည့် ဗဟုသုတများရရှိစေရေးအတွက် ပြင်ပစာပေများကိုလည်း စာကြည့်တိုက်တွင် ဖတ်ရှုသည့်အလေ့အကျင့်ရရှိကြစေရေး တိုက်တွန်းဆောင်ရွက်ကြရန် တာဝန်ရှိသူတွေကို မှာကြားခဲ့ပါတယ်။ အဲဒီနောက် ကျောင်းစာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းစာအုပ်များနဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ကြီးကလက်ခံရယူပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းရဲ့လိုအပ်ချက်တွေကိုမေးမြန်းကာ လိုအပ်တာတွေ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။

ကျောင်းစာကြည့်တိုက်တွေမှာ ကျောင်းသား၊ ကျောင်းသူတွေစာဖတ်မှသာ အကြားအမြင်ဗဟုသုတ များပြားလာမှာဖြစ်ပါတယ်။ အထူးသဖြင့်မိတ္ထီလာဒေသဟာ နိုင်ငံတော်ရဲ့သမိုင်းမှာ ပညာရှင်(ပညာရှိ)ကြီးတစ်ဦးထွန်းကားခဲ့တာကိုအတုယူပြီး သူ့လိုမျိုးဒေသဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့ကြိုးစားကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူတွေ သိထားသင့်တာကတော့ သမိုင်းကြောင်းဖြစ်ပါတယ်။ နိုင်ငံ့သမိုင်းကြောင်း၊ ဒေသသမိုင်းကြောင်းကို နှံ့နှံ့စပ်စပ်သိထားသင့်ပါတယ်။ အရေးအကြောင်းကြုံခဲ့ရင် ဝန်ဇင်းရွာသူကြီးသမက် စာတိုညိုလို ဖြေဆိုနိုင်ကြဖို့လိုပါတယ်။

မင်းကြီးစွာစော်ကဲက မိတ္ထီလာကန်ပေါင်မှာတွေ့တဲ့ နတ်ကွန်းနဲ့ပတ်သက်လို့မေးတဲ့အခါမှာ စာတိုညိုက ရဲဝံ့စွာနတ်ကွန်းမဟုတ်ကြောင်းဖြေဆိုခဲ့ပြီး သမိုင်းကြောင်းအမှန်ကိုလျှောက်ထားနိုင်ခဲ့ပါတယ်။ ပုဂံခေတ်က ဘေးလောင်းတော် အနော်ရထာမင်းစောဟာ ကန်ကိုဆည်လုပ်တော်မူတဲ့အခါ သူချစ်တဲ့မိဖုရားတွေလည်း လိုက်ပါခဲ့ပါတယ်။ အဲဒီအထဲမှာ သူအချစ်ရဆုံးမိဖုရားငယ်ဟာ ရောဂါဖြစ်ပြီးသေဆုံးခဲ့ပါတယ်။ မိဖုရားရဲ့အဆင်းသဏ္ဌာန်မှာ တပ်မက်မူးယစ်ပြီး မစွန့်ပစ်နိုင်ဘူးဖြစ်နေပါတယ်။ ဒါ့ကြောင့်အမတ်တွေက မိဖုရားငယ်နဲ့တူတဲ့ ရွှေစင်သွန်းလုပ်ပြီးဆက်သကာ မိဖုရားအလောင်းတော်အစားကြည့်ရှုဖို့ ဆက်သခဲ့ပါတယ်။ ပုဂံနေပြည်တော်ကိုပြန်တဲ့အခါမှာ အဲဒီရွှေရုပ်ကိုမင်းကြီးကယူဆောင်ချင်ပေမယ့် မသင့်တော်တာကြောင့် အဲဒီမှာပဲထားခဲ့ပါတယ်။ ရွှေသားအစစ်ဖြစ်လို့နောင်အခါမှာ ဖျက်ယူမှုမရှိအောင် ကျောက်ခန်း ကျောက်ကာအကြီးအကျယ်နဲ့ သွင်းထားပြီး မြေကြီးမှာထည့်သွင်းထားခဲ့ပါတယ်။ အပေါ်မှာတော့ရွှေရုပ်နဲ့ သဏ္ဌာန်တူတဲ့ သစ်သားရုပ်ကို ကန်ရိုးပေါ်မှာ တန်ဆောင်းပြာသာဒ်နဲ့ ကောင်းမွန်စွာထားရှိခဲ့ပါတယ်။ ယခု မင်းကြီးစွာစော်ကဲတွေ့မြင်ရတာ သစ်သားရုပ်ဖြစ်ပါတယ်။ စာတိုညိုလျှောက်ထားတဲ့အတိုင်း မြေကြီးကို တူးဖော်တဲ့အခါမှာ ရွှေရုပ်ကိုတွေ့မြင်ခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ဘုရင်က ချီးမြှောက်ခဲ့ပြီး ဝန်ဇင်းမင်းရာဇာအဖြစ်ယနေ့တိုင်ထင်ရှားနေတာဖြစ်ပါတယ်။

မိတ္ထီလာခရိုင်အတွင်းမှာပညာသင်ကြားနေကြတဲ့ကျောင်းသား၊ ကျောင်းသူတွေ၊ နိုင်ငံတစ်ဝန်းလုံးမှာရှိကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ကျောင်းသင်ခန်းစာမှာသာမဟုတ်ဘဲ ကျောင်းစာကြည့်တိုက်တွေမှာစာပေဖတ်ရှုရင်း ဗဟုသုတဖြည့်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး စာအုပ်စာစောင်တွေလည်းလှူဒါန်းလျက်ရှိပါတယ်။ ဒါ့အပြင် ငွေကြေးဆိုင်ရာလှူဒါန်းမှု၊ ထောက်ပံ့မှုတွေလည်း ဆောင်ရွက်ပေးနေပါတယ်။ ဒါတွေဟာအနာဂတ်မှာ နိုင်ငံတာဝန်ထမ်းဆောင်ကြမယ့်လူငယ်တိုင်း ဘက်စုံအရည်အချင်းပြည့်ဝနေစေဖို့ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မိတ္ထီလာခရိုင်ခရီးစဉ်အတွင်းမှာ တွေ့မြင်ရတဲ့မြင်ကွင်းတွေမှာ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့အောင်မြင်မှု၊ တပ်မတော်ချည်မျှင်နဲ့အထည်စက်ရုံရဲ့အောင်မြင်မှု၊ ကျောင်းသား၊ ကျောင်းသူတွေ အေးချမ်းစွာပညာသင်ကြားနေမှုမြင်ကွင်းတွေကိုကြည့်ပြီး စာရေးသူရင်ထဲမှာ နိုင်ငံအတွက်တကယ့်ကို ဝမ်းသာပီတိဖြစ်မိလို့ ဒီဆောင်းပါးကိုရေးသားလိုက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြို့ပြဒေသတွေ၊ ကျေးလက်ဒေသတွေအားလုံးမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်၊ အလုပ်အကိုင်အခွင့်အလမ်းတွေများပြားအောင် လုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလိုလုပ်ဆောင်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့အတူ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် အောင်မြင်တိုးတက်မှုတွေ ပိုမိုရရှိလာမှာဖြစ်ပါတယ်ခင်ဗျာ။ ။

# ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ရခိုင်ပြည်နယ်သို့ သယ်ဆောင်မည့် ငွေကျပ် ၁ ဒသမ ၇၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၆ သိန်း ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် နံနက် ၁ နာရီ၌ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွှေပြည်သာကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ ထွန်းကျော်၏ တောင်ယာတဲကို သတင်းအရရှာဖွေရာ ထွန်းကျော်၊ဌေးဝင်း၊ဇော်မြင့်နိုင်၊သန်းထွန်းလေး၊ ကိုဖြိုး၊ ဇော်မင်းလှိုင်၊ မြင့်အေး၊ အောင်ကျော်ဆန်း၊ ထက်လင်းစိုးနှင့် စိုးလင်းအောင်တို့ ၁၀ဦးကို ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၇၄ ဘီလီယံတန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ပန်းတောင်းမြို့နယ်မှ ရခိုင်ပြည်နယ် အမ်းမြို့နယ်သို့ ဆက်လက်သယ်ဆောင်မည်ဖြစ်ကြောင်းသိရှိရသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ခိုင်းသူ မြတ်သူဝင်း(ခ)နောင်နောင်နှင့် သိန်းစိုးတို့အပါအဝင် ၁၂ ဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(၅၀၁)**

# တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့တွင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ကျောက်တလုံးကြီး ဇွန် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့တွင် သစ်တောဦးစီးဌာနကကြီးမှူး၍ ၂၀၂၄ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ကက္ကူကျေးရွာအုပ်စု ကျောင်းထိုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်သူရအောင်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာသော တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြပြီး တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးစေရန်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေပြီး ရာသီဥတုညီညွတ်မျှတမှုရှိစေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေပြီး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းတို့တွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ခါတော်မီ၊မျောက်ငို၊ ကွွန်း၊ရေတမာ စသည့် ပျိုးပင် ၈၉၀ ကို ဒေသခံပြည်သူ ၃၁၂ဦးတို့က တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ကျော်ဇောဦး(မောရှမ်းမြေ)**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၅)လမ်း စက်မှုဇုန်မီးပွိုင့်အနီး၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၆ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ် စပယ်ဂူတံတားအနီး၌ ဘုရားသုံးဆူမြို့မှ ကျိုက်မရောမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကျောက်ပွင့် ၉၁၅ကီလိုဂရမ်၊ ထိုင်းနိုင်ငံထုတ် အေးခဲကြက်အူချောင်း၂၃အိတ် အပါအဝင် ကုန်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၇၀၀၀၀နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux Vigo သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၇၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇွန် ၁၆ ရက်တွင် ဖမ်းဆီးရမိမှု အမှုတွဲခုနစ်မှုမှ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၇၇၀၀၀၀ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



























**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## တို့၊ ပုတ်၊ ကက်၊ ကြ၊ ကျိ

"တို့" တွင် (၁) အသာအယာထိသည်ဟူသော အဓိပ္ပာယ်၊ (၂) သာမန်မျှ ရေးမှတ်သည်ဟူသော အဓိပ္ပာယ်၊ (၃) (ချဉ်ဖတ်စသည်ကို ငါးပိနှင့်တွဲ၍ ထမင်းတွင်) မြုပ်စားသည်ဟူသော အဓိပ္ပာယ်၊ (၄) တိတ်တဆိတ်သတင်းပေးသည်ဟူသော အဓိပ္ပာယ်၊ (၅) ကျီစားသည်၊ စသည်၊ နောက်သည်ဟူသော အဓိပ္ပာယ်၊ (၆) ယှဉ်သည်၊ ဖက်သည်၊ စမ်းသည် ဟူသော အဓိပ္ပာယ်များရှိကြောင်း သာဓကများဖြင့် ရှင်းပြပြီး ဖြစ်ပါသည်။ ဤအဓိပ္ပာယ် ၆ မျိုးသည် "တို့" ၏ ကြိယာအဓိပ္ပာယ်များ ဖြစ်ကြသည်။

ထို့ပြင် "တို့" ကို ပစ္စည်းအဖြစ်လည်း သုံးနိုင်ကြောင်း၊ ပစ္စည်းအနေဖြင့် (၁) နာမ်၏နောက်၌ တည်၍ ဆိုင်ရာနာမ်၏ ပေါင်းစည်းခြင်းကိုပြသော စကားလုံး၊ (၂) နာမ်စား၏ နောက်၌တည်၍ ဆိုင်ရာ နာမ်စား၏ ပေါင်းစည်းခြင်းကိုပြသော စကားလုံး၊ (၃) ကြိယာ၏အနက်ကို ပြုပြင်ပေးသော စကားလုံး အဖြစ် သုံးကြောင်းတို့ကိုလည်း သာဓကများပြ၍ ရှင်းပြခဲ့ပြီးဖြစ်ပါသည်။

တစ်ဖန် "တို့" သည် (၁) အပြောစကားတွင် ကျွန်တော်တို့၊ ကျွန်မတို့ အစားသုံးသော နာမ်စား ဖြစ်ကြောင်း၊ (၂) အပြောစကားတွင် ကျွန်တော်၊ ကျွန်မ အစားသုံးသော နာမ်စားလည်းဖြစ်ကြောင်း၊ (၃) အပြောစကားတွင် နင်၊ သင်၊ ရှင် အစားသုံးသော နာမ်စားလည်းဖြစ်ကြောင်း ရှင်းပြခဲ့ပြီးဖြစ်ပါသည်။

ထိုမျှသာမက "တို့" ကို နာမ်အဖြစ်လည်း သုံးသေးကြောင်း ဖော်ပြခဲ့ပါသည်။ သို့ရာတွင် စာမျက်နှာကိုင့်သဖြင့် နာမ်အဖြစ်သုံးသော "တို့" အကြောင်းကို ရှင်းမပြသာခဲ့ပါ။ ယခု နာမ် **"တို့"** အကြောင်းကို ရှင်းပြပါမည်။

### နာမ် "တို့"

နာမ် "တို့" တွင် အဓိပ္ပာယ်နှစ်မျိုးရှိပါသည်။

၁။ ၄ တင်းဝင်တောင်းကြီး၊ သို့မဟုတ် ၄ တင်းဝင် ပုတ်ငယ်။

**သာဓက ။** ။ တို့ ပုတ် ကက် ကြ ကျိ ဝယ်၊ ယင်းငါးသွယ်ဇယနှင့်၊ စဉ်က မပွားတုံပါ။

၂။ ၄ တင်းပမာဏရှိ ချင့်ဝန်။

**သာဓက။** ။ လေးတင်းတစ်**တို့**၊ လေး**တို့** တစ်ပုတ်၊ လေးပုတ်တစ်ကက်၊ လေးကက်တစ်ကြ၊ လေးကြ တစ်ကျိ။

ဤ "တို့" ဆိုသည်မှာ ၄ တင်းဝင်တောင်းကြီး၊ သို့မဟုတ် ၄ တင်းဝင်ပုတ်ငယ်ဟု မြန်မာတို့အစဉ် အလာ သတ်မှတ်ခေါ်ဆိုကြသည်ကို တစ်ချက်မှတ် ထားရန် လိုပေသည်။ ဤသည်မှာ မြန်မာတို့အစဉ် အလာ ချင့်ဝန်စံချိန်စံညွှန်းအရ သတ်မှတ်ခေါ်ဝေါ် ကြခြင်းဖြစ်သည်။ သို့ရာတွင် အရပ်သုံးတွင်မူ "တို့"သည် ၄ တင်းဝင်တောင်းကြီး သို့မဟုတ် ၄ တင်းဝင်ပုတ်ငယ်ဖြစ်ကောင်းမှ ဖြစ်ပေလိမ့်မည်။ ၄ တင်းပင် မဝင်သော်လည်း တောင်းအကြီးစားကို "တို့"ဟု ခေါ်ဆိုကြသည်ကို တွေ့ရသည်။

ဆရာကြီး ဦးဖိုးစိန်က သူ၏ မြန်မာစကားနက်ကျမ်းတွင် " အညာရပ်၌ ဆွမ်းပေါင်းသည့်တောင်းကို ဆွမ်းတို့တောင်း"ဟု ခေါ်သည်။ "တို့" ကို တဝမ်းပူသံ ဝိပိဖတ်ရွတ်။ ဆွမ်းဒို့တောင်းဟု မဖတ် မရွတ်နှင့်။ ၄ တင်းလျှင် တစ်တို့၊ ၄ တို့လျှင် တစ်ပုတ်၊ ၄ ပုတ်လျှင် တစ်ကက်၊ ၄ ကက်တစ်ကြ၊ ၄ ကြတစ်ကျိဟု ချင့်ဝန်သညာပင် ရှိချေသည်။ " ဆွမ်းတို့တောင်းဟူသည် ဆွမ်းပေါင်းတောင်း၊ ဆွမ်းစည်းတောင်းဟု ဆိုလိုသည်"ဟု မိန့်မှာခဲ့ပါသည်။

"တို့" ၏ အနက်မှာ "ပေါင်းစည်း၊ ဆက်စပ်" ဖြစ်သဖြင့် ဆွမ်းတို့တောင်းကို ဆွမ်းပေါင်းတောင်း၊ ဆွမ်းစည်းတောင်းဟူ၍ ဆရာကြီးဦးဖိုးစိန်က ဆိုခြင်းဖြစ်သည်။ ၄ တင်းဝင်တောင်းကြီးကို "တို့" ဟုခေါ်သည်မှာလည်း ယင်းတောင်းကြီးသည် စပါး၊ ပဲ၊ ပြောင်းကို ပေါင်းစည်း ရုံးစုသိုမှီးရာ အဆောက် အဦဖြစ်၍ ခေါ်ဆိုခြင်းဖြစ်သည်ဟု ဆိုရပါမည်။

ထိုမှတစ်ဆင့် ၄ တင်းပမာဏရှိ ချင့်ဝန်ကိုလည်း "တို့" ဟု ခေါ်ဆိုကြောင်းသိရပေသည်။ "တို့" ဆိုသည်မှာ ၄ တင်းဝင်တောင်းကြီးဖြစ်သဖြင့် တစ်တို့ဟုဆိုလျှင် ယင်း "တို့"နှင့် ဝင်ဆံ့သမျှ ပမာဏဖြစ်သော ၄ တင်းကိုပါဟောသည်ဟု မှတ်ယူရပေမည်။ ထို့ကြောင့် ၄ တင်းလျှင် တစ်တို့၊ ၄ တို့လျှင် တစ်ပုတ် စသည် ချင့်ဝန်ပမာဏ အမှတ်သင်္ကေတရှိလေသည်။ ဤသို့လျှင် "တို့"၏အနက် "ထိ၊ ပေါင်း၊ စည်း၊ ဆက်၊ စပ်" ကို အခြေခံလျက် "တို့"ဟူသည် "၄ တင်းဝင် တောင်းကြီး၊ ၄ တင်းပမာဏ ချင့်ဝန်" ဟူသော အဓိပ္ပာယ်ဆောင်ကြောင်း သိရပြီးနောက် "ပုတ်၊ ကက်၊ ကြ၊ ကျိ" တို့၏ အကြောင်းကိုလည်း ဆက်လက် လေ့လာသင့်ပေသည်။

### ပုတ်

"ပုတ်၊ ကက်၊ ကြ၊ ကျိ" ၏အနက်သည်လည်း 'ထိ၊ ပေါင်း၊ စည်း၊ ဆက်၊ စပ်" ပင်ဖြစ်ကြောင်း စိတ်ဝင်စားဖွယ် သိမှတ်လာရပေမည်။ "ပုတ်" နှင့် "ပိတ်"လည်း လဲနိုင်လှယ်နိုင်သော ဝေါဟာရ ဖြစ်သဖြင့် အနက်တူပေရာ "ပုတ်ပေါင်း" နှင့် "ပိတ်ပေါင်း" အနက်တူ၊ အဓိပ္ပာယ်တူပြန်သည်။ ခရီးဆောင်မြန်မာအဘိဓာန်တွင် "ထူထပ်သော ချုံပင်နွယ်စု"ဟု အဓိပ္ပာယ်ဖွင့်သည်။

ဤသို့လျှင် "ပုတ်" သည် "ပေါင်းစည်း၊ ဆက်စပ်" အနက်ရှိသည်ဖြစ်ရာ "ပုတ်" ဟူသည် စပါး၊ ပဲ၊ ပြောင်း ပေါင်းစည်းရုံးစုသိုမှီးရာ အဆောက် အဦပင်ဖြစ်ပေသည်။ မြန်မာတို့အစဉ်အလာ ချင့်ဝန် အမှတ်သညာအားဖြင့်သော် "ပုတ်" သည် ၁၆ တင်းဝင်တောင်းကြီးဖြစ်ပေသည်။ "ပုတ်သည် ၁၆ တင်းဝင်တောင်ကြီးကို ဟောသဖြင့် ယင်းပုတ် တွင် ဝင်ဆံ့သော စပါးပဲပြောင်း စသည့် ၁၆ တင်းမျှ ပမာဏကိုလည်းဟောကြောင်း အထူးဖော်ပြရန် လိုမည်မဟုတ်တော့ပေ။

### ကက်

"ကက်"၏ အနက်လည်း "ပေါင်းစည်း၊ ဆက်စပ်"ပင်ဖြစ်သည်။ "ကက်" ၏ အနက်မူ ပေါ်လွင်သော် စုတူသတ်စနစ်အရ "ကင်"နှင့်လည်း ဆက်နွှယ်၍ အနက်ဖော်သင့်သည်။ သုဒ္ဓကာရိက် သဘောအရ "ခက်"နှင့် ဆက်နွှယ်၍လည်း အနက် ဖော်သင့်သည်။

"ကင်" ၏ အနက်မှာ "ဆက်စပ်၊ နီးကပ်" ဖြစ်၍ "ကင်သည်" ဆိုသည်မှာ (အပူရှိန်ထိရောက် ပျံ့နှံ့စေရန် ကျက်နေစေရန်) မီးနားမှာထားသည် ဟူသော အဓိပ္ပာယ်ရပေသည်။ "ခက်သည်" ဆိုသည်မှာလည်း ဖွဲ့ယှက်စည်းနှောင်သည့်အနက် ပင်ဖြစ်ရာ ကာရိက် "ခက်" ၏ သုဒ္ဓဖြစ်သော "ကက်" ၏ အနက်ကိုလည်း "ဖွဲ့ယှက်ပေါင်းစည်း" ဟုပင် ဆိုရန်ရှိပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က ဂေါ်ဖီထုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက်ဧက ၃၅၀၀ စိုက် ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီး ဟင်းရွက်စိုက်ပျိုးမှုကတော့တစ်နှစ် နဲ့တစ်နှစ် တိုးတက်မှုရှိပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့သီးနှံတွေ ဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေ ကို အသိပညာပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီစတဲ့ သီးနှံတွေကို စိုက်ပျိုးကြတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသတွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှု အနေဖြင့် နန်းယွန်းမြို့နယ်တွင် ဧက ၄၉၀၊ ဒုံဟီးမြို့တွင် ၃၈၆ ဧက၊ ပန်ဆောင်မြို့တွင် ဧက ၃၀၀ စုစု ပေါင်း ၁၁၇၆ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေ ဖြင့် လေရှီးမြို့နယ်တွင် ၂၇၅ ဧက၊ ဆွမ္မရာမြို့တွင် ၂၅ ဧက၊ လဟယ် မြို့နယ်တွင် ၁၄၆၃ ဧက၊ ထန်ပါ ခွေမြို့တွင် ၃၇၅ ဧက၊ နန်းယွန်း မြို့နယ်တွင် ၅၂၅ ဧက၊ ဒုံဟီးမြို့တွင် ၄၄၂ ဧက၊ ပန်ဆောင်မြို့တွင် ၃၉၅ ဧက စုစုပေါင်းဧက ၃၅၀၀ ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မိုးကောင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းပြုလုပ်

**မိုးကောင်း ဇွန် ၁၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန် စီမံကိန်းမိတ်ဆက်ရှင်းလင်း ခြင်းနှင့် ကျေးရွာကော်မတီဖွဲ့စည်း ခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ပင့်သာကျေးရွာအုပ်စု ရွာသစ်ကုန်း ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင် မေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း (VDP) ၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူး များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် များ၊ အကျုံးဝင်သောလုပ်ငန်းများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဥပဒေတွင်ပါရှိသော ကျေးရွာ သူ၊ ကျေးရွာသားများလိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ နှင့်ဝန်ထမ်းများက စီမံကိန်းလက်စွဲ စာစောင်ပါ ကျေးရွာကော်မတီဝင် ရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံ ကိန်းကော်မတီဝင်များ၏ တာဝန် ဝတ္တရားများကို ရှင်းလင်းပြောကြား ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ကျေးရွာသူ၊ ကျေးရွာ သားများ၏ အများသဘောဆန္ဒ နှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ ကာ အကောင်အထည်ဖော်ဆောင် ရွက်မည့်လုပ်ငန်းကို ကျေးရွာ လူထုက ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာသစ်ကုန်းကျေးရွာ တွင် ယခုဘဏ္ဍာနှစ်အတွင်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံ ကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက နည်းပညာ ပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသား များကိုယ်တိုင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းထံမှ သိရသည်။

**သက်မာ**

# အကြွေစေ့ချမ်းသာခြင်း

ဝင်းမင်း(ဖန်ခါးမြေ)



(၁)

ပျံ့ကျဈေးသည် အများစုရောင်းချကြသည့်ရပ်ကွက် အခွန်လွတ်ဈေးလေးတွင် ရောင်းသူလည်းပါး ဝယ်သူလည်း နည်းလာသော ဈေးကွဲစအချိန်ရောက်လာသည်။ နံနက်ခင်း ၁၀နာရီထိုးပြီ။ ဈေးလေးက ပျံ့ကျဈေးလေးမို့ ဈေးသည်အများစုမှာ မိုးကာစများခင်းပြီး ကုန်စိမ်းကုန်ခြောက်များ ရောင်းချကြသည်။ ထိုဈေးလေးသို့ ဈေးကွဲကာနီးအချိန်လောက် ခန့်မှန်းပြီးလာလေ့ရှိသော ဈေးဝယ်သူတစ်ဦးရှိသည်။ သူ့နာမည်က ဒေါ်တင်တင်အေးဖြစ်သည်။ ဒေါ်တင်တင်အေးနှင့် သူ့ခင်ပွန်းဦးစိန်အောင်တို့သည် ဌာနတစ်ခုတွင် အတူတူအလုပ်လုပ်နေကြသူတို့ဖြစ်သည်။ အပျိုကြီး၊ လူပျိုကြီးဘဝကနေ အရွယ်လွန်မှ အိမ်ထောင်ပြုခဲ့ကြ၍ သားသမီးလည်း မရှိသောလင်မယားဖြစ်သည်။ သူတို့လင်မယားနှစ်ယောက်လစာဖြင့် ငွေကြေးစုဆောင်းနိုင်ရုံပင်မက ပေါပေါသီသီ သုံးစွဲနိုင်သော်လည်း မသုံးရက်မစွဲရက်ရှိကြလွန်းသည်။ ဈေးကွဲခါနီးအချိန်တွင် ဒေါ်တင်တင်အေးတစ်ယောက် ဈေးခြင်းတောင်းလေးဆွဲပြီး ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် အခွန်လွတ်ဈေးလေးသို့ လှမ်းလာနေသည်။ မြို့ပေါ်တွင် မြို့မဈေးကြီးနှင့် အခြားရပ်ကွက်ဈေးများရှိသော်လည်း ဒေါ်တင်တင်အေးကတော့ သည်ဈေးလေးသို့ သာလာသည်။ သူနေထိုင်ရာဝန်ထမ်းအိမ်ရာနှင့်နီးသောကြောင့်မဟုတ်။ သည်ဈေးလေးက အခွန်လွတ်ဈေးဖြစ်ပြီး အများစုမှာ တောမှလာသည့် ဈေးသည်လေးများ ရောင်းချကြ၍ အခြားဈေးများထက် ဝယ်ရတာ ဈေးချိုသောကြောင့်ဖြစ်သည်။ သူနေထိုင်ရာ ဝန်ထမ်းအိမ်ရာနှင့် ၁၀မိနစ်ခန့်လမ်းလျှောက်လျှင်ရောက်သည့် ရပ်ကွက်ဈေးလေးကို ကျော်ပြီး နာရီဝက်သာသာ လမ်းလျှောက်ရသော အခွန်လွတ်ဈေးလေးကို တစ်ပတ်တစ်ကြိမ် ဈေးဝယ်လာလေ့ရှိသည်။ ဟင်းသီးဟင်းရွက်သည်များစုရောင်းနေသောနေရာသို့ ဒေါ်တင်တင်အေးဝင်လိုက်သည်။

"ကင်ပွန်းချဉ်ရွက်ကဘယ်လောက်လဲ"

"တစ်စီးကို တစ်ရာပါရှင်"

"များတယ် ငါးဆယ်ပဲထား"

"မရလို့ပါရှင်"

တောဈေးသည်မိန်းကလေး၏အသံက တောင်းပန်သံပါနေသည်။

"ညည်းတို့ ကိုယ့်အိမ်ကိုယ့်ခြံထဲက ခူးရောင်းတာမဟုတ်လား။ ဘာမရစရာရှိတုံးအေ"

"ခြံထွက်ဆိုပေမဲ့လဲ ရွာကနေဆိုင်ကယ်ကယ်ရီငှားပြီးလာရတာပါအဒေါ်ရယ်။ ဒါကြောင့် လျှော့မရတာပါ"

"ဒါတွေငါ့လာမပြောနဲ့။ ရောင်းနိုင်ရင် ရောင်း။ နှစ်စီး တစ်ရာပဲပေးမယ်"

ဈေးသည်မိန်းကလေးလည်း ဈေးလျှော့မရောင်းချင်သော်လည်း အချိန်ကလင့်နေပြီ။ နေကလည်း ပူလာ၍ ရောင်းလိုက်ရတော့သည်။ ဒေါ်တင်တင်အေးမျက်နှာကတော့ ဈေးကွဲချိန်လာနေကျ ငါ့အဖို့ လျှော့ရောင်းမယ်ဆိုတာသိပြီးသားပါအေဆိုသော အထာပိုင်သည့်မျက်နှာမျိုးဖြစ်နေသည်။ ကြက်ဥသည် ရှေ့ရောက်လာသည်။ ဒေါ်တင်တင်အေးမျက်လုံးများက ကြက်ဥဗန်းဘေးမှကွဲနေ၊ အက်နေသောကြက်ဥများဆီအကြည့်ရောက်နေသည်။

"ဟိုကြက်ဥတွေ ပြန်ရောင်းပါ့လား"

ကြက်ဥကွဲများထည့်ထားသည့် ဆန်ခါခြင်းလေးကို လက်ညှိုးထိုးပြလိုက်သည်။

"အဲဒါက အကွဲတွေ အစ်မကြီး"

"အကွဲတွေမှန်း သိပါတယ်။ ငါလိုချင်လို့ပါအေ"

"ယူသွားလေ အစ်မကြီး။ တစ်လုံးကိုနှစ်ရာပဲပေးပါ"

"ညည်းဟာက အကွဲတွေပဲအေ။ ၁၅၀ ထား ငါမဝယ်ရင် အလကားဖြစ်သွားမဲ့ ဥတွေပဲဟာ"

"ယူသွား ယူသွား အစ်မကြီး"

ဒေါ်တင်တင်အေး ကြက်ဥကွဲ ငါးလုံးဝယ်လိုက်သည်။ အချို့ကြက်ဥက ပုပ်အဲ့အဲ့ပင်နံ့ချင်နေသည်။ ကြက်သားသည်ရှေ့ ရောက်သွားသည်။

"ကြက်သားလား အန်တီ"

ဈေးသည်က ကြက်သားလား မေးနေသော်လည်း ဒေါ်တင်တင်အေးမျက်လုံးများက ကြက်သားပုံဘေးမှ ကြက်အူ၊ ကြက်ကလီစာပုံများဆီ အကြည့်ရောက်သွားပြန်သည်။

"ကြက်အူ ငါးရာဖိုးလောက်ကလေးမ"

ကြက်သားသည်ကမ်းပေးသည့် ကြက်အူထုပ်လေးကို ခြင်းထဲထည့်လိုက်သည်။

(၂)

ဒေါ်တင်တင်အေး ဈေးကပြန်လာတော့ အိမ်၏ထိုင်စရာတစ်ခုတည်းသော ပရိဘောဂပစ္စည်းဖြစ်သည့် ထန်းလက် ပက်လက်ကုလားထိုင်ပေါ်မှာ တစ်ခုတည်းသော နားဆင်စရာ ရေဒီယိုကျစ်ကျစ်ရှဲရှဲသံကို ဦးစိန်အောင် နားထောင်နေသည်။

ပြတင်းပေါက်များက အမြဲလိုလိုပိတ်ထားသောကြောင့် အခန်းလေးက မှောင်နေသည်။ သမံတလင်းကကြေးညှော်ကွက်များထင်နေသည်။ ရေနှင့် ပြောင်အောင် တိုက်ချွတ်ဆေးကြောပြီး ဖယောင်းပုဆိုးလေးခင်းထားလျှင် အတော်အတန်ကြည့်ကောင်းမည်ဖြစ်သော်လည်း ငွေကုန်မည်စိုးသောကြောင့် မလုပ်ပေ။ တီဗီ၊ ရေခဲသေတ္တာ၊ ပန်ကာ၊ မော်တော်ဆိုင်ကယ် စသည့် အသုံးအဆောင်များဝယ်နိုင်သော်လည်း အပိုများဟုဆိုကာ မဝယ်ပါ။ မြို့ပေါ်မို့ လျှပ်စစ်မီးရသော်လည်း မီတာတက်၍ငွေကုန်ကျမည်စိုးသောကြောင့် ထမင်းဟင်းချက်လျှင်မီးသွေးဖိုကိုသာ အသုံးပြုသည်။ အဝတ်အထည်များ မီးပူတိုက်ရာတွင်လည်း မီးသွေးခဲထည့်၍ အသုံးပြုရသည့် မီးပူကိုသာ အသုံးပြုကြသည်။

(၃)

"ကျွန်မတို့ရွာမှာ အများကောင်းမှုနဲ့ ရွာဦးဘုန်းကြီးကျောင်း ဆောက်လုပ်နေပါတယ်ရှင်။ ပါဝင်ပြီး ကုသိုလ်ယူနိုင်ပါတယ်ရှင်"

ရုံးခန်းထဲတွင် ဌာနခွဲစာရေးဒေါ်ခင်မာဌေးက အလှူခံဖြတ်ပိုင်းစာအုပ်လေးဖြင့် ရုံးဝန်ထမ်းများထံမှ အလှူခံနေသည်။ ရုံးအုပ်ကြီးစားပွဲရှေ့ရောက်တော့ ရုံးအုပ်ကြီးက အလှူငွေ ၂၀၀၀ လှူသည်။ ဦးစီးအရာရှိနှစ်ဦးကလည်း စုပေါင်းပြီး အလှူငွေ ၅၀၀၀လှူသည်။ ဒေါ်တင်တင်အေး စားပွဲရှေ့သို့ ဒေါ်ခင်မာဌေး ရောက် လာသည်။

"အစ်မကြီး ကျောင်းဆောက်ဖို့ အလှူငွေပါဝင်လှူဒါန်းအုံးမလားရှင့်"

ဒေါ်တင်တင်အေးမျက်နှာက အလှူခံကိစ္စကြောင့် စိတ်ရှုပ်သွားပုံပေါ်နေသည်။

"ဒီလတော့ မလှူသေးဘူးအေ။ အကုန်အကျတွေများနေလို့။ ဦးစိန်အောင်ဆီလဲသွားမနေနဲ့နော်"

အလှူခံလာတိုင်း ဒေါ်တင်တင်အေး လက်သုံးစကားမှန်း ဒေါ်ခင်မာဌေးသိသည်။ သူတို့လင်မယားကို အလှူမခံဘဲချန်ထားရင်လည်း အဖက်မလုပ်တာလားဟု အပြောခံရမှာစိုးသောကြောင့် သွားမေးရခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်တောင် မစားရက်၊ မသောက်ရက်သော ထိုလင်မယားအဖို့ လှူရေးတန်းရေးမလုပ်ကြသည်မှာလည်း အံ့သြစရာမရှိပါဘူးလေဟု ဒေါ်ခင်မာဌေး တွေးလိုက်မိသည်။ လင်မယားဆိုသည်မှာ အသွင်တူ၊ စိတ်ဓာတ်တူသူများသာများကြသည်ဟုဆိုကြသည်။ ထို့ကြောင့် ဦးစိန်အောင်သည်လည်း ဒေါ်တင်တင်အေးနှင့်မခြားနားပါ။ ဦးစိန်အောင်သည် ဌာနက မော်တော်ကားပေးထားသော်လည်း အသုံးမပြုဘဲ အိမ်ရာရှေ့ထိုးထားသည်။ ကားနှင့်ပတ်သက်ပြီးကုန်ကျသော ဆီဖိုး၊ ကားပြင်ဆင်စရိတ်များကို အကုန်အကျမခံချင်သောကြောင့်ဖြစ်သည်။ ရုံးကအိမ်ရာနှင့် နီးသောကြောင့် လမ်းလျှောက်သွားရုံ။ အခြားရုံးများသွားစရာရှိလျှင်လည်း ရုံးအကူမောင်မြင့်ထွေးကို လက်ဖက်ရည်ဖိုးပေးပြီး ဆိုင်ကယ်နှင့် လိုက်ပို့ခိုင်းသည်။ အလှူ၊ မင်္ဂလာဆောင်၊ ကထိန်စသည်ဖြင့်သွားရန် ရှိလာလျှင်လည်း လင်မယားနှစ်ယောက် လမ်းလျှောက်သွားသည်။ သိပ်ဝေးသည့်နေရာဆိုလျှင် ရုံးကအဖွဲ့များနှင့် လိုက်သွားသည်။ ပိုက်ဆံမကုန်လျှင် ဘာလုပ်လုပ်သင့်တော်သည်ဟု ဦးစိန်အောင်တို့လင်မယားတွေးထားကြသည်။

(၄)

တစ်နေ့တော့ ဦးစိန်အောင်တို့လင်မယား ဘဝမုန်တိုင်းကြမ်းဆိုးနှင့် ရင်ဆိုင်ရလေပြီ။ ဒေါ်တင်တင်အေးတစ်ယောက် ရင်သားတစ်ဖက်အကြိတ်တွေ့၍ ဆေးခန်းသွားပြရာ ရင်သားကင်ဆာဖြစ်နေကြောင်း သိလိုက်ရသည်။ ငွေကုန်ကြေးကျများမည်စိုးသောကြောင့် ဒေါ်တင်တင်အေးဆေးမကုဘူးဟု ငြင်းခံနေသော်လည်း ဦးစိန်အောင်အပါအဝင် ရုံးမှမိတ်ဆွေများ၏ ဖျောင်းဖျနားချမှုကြောင့် ဆေးကုသမှုခံယူလေတော့သည်။ ကင်ဆာရောဂါမို့ တစ်ကြိမ်တစ်ခါနှင့်မပြီးဘဲ အကြိမ်ကြိမ်ကုသမှု ခံယူနေရသည်။ ဘဏ်မှာစုဆောင်းထားသော ပိုက်ဆံများ ကုန်လုနီးပါးဖြစ်လာသော်လည်း ရောဂါက မသက်သာပါ။ ဒေါ်တင်တင်အေး ရင်သားကင်ဆာကြောင့် တစ်နှစ်ခွဲခန့်အကြာတွင် ကွယ်လွန်သွားလေတော့သည်။ မစားရက်၊ မသောက်ရက် ရှာဖွေစုဆောင်းခဲ့သောငွေကြေးများလည်း ဆေးကုသ၍ကုန်ခဲ့ရပြီ။ လူ့ဘဝတွင်ရှိစဉ်ကလည်း အလှူဒါနနည်းပါးလွန်းသောကြောင့် ကုသိုလ်ကောင်းမှုများလည်း သယ်ဆောင်မသွားနိုင်တော့ပါ။ ဒေါ်တင်တင်အေးအဖို့ဘဝကူးကောင်းဖို့မလွယ်ကူတော့ပြီ။

(၅)

ဦးစိန်အောင်က ဒေါ်တင်တင်အေးအတွက် ရည်စူးပြီး ရပ်ကွက်ထဲက ဘုန်းကြီးကျောင်းတွင်တစ်လပြည့် ဆွမ်းကပ်ခဲ့သည်။

"ဒကာကြီးတို့ ဇနီးမောင်နှံက ငွေကြေးချမ်းသာပါလျက်နဲ့ မစားရက်၊ မလှူရက်၊ မသုံးရက်တော့ ပိုက်ဆံရှိ လူဆင်းရဲဘဝကို ရောက်ခဲ့ကြရတယ်။ ဘုန်းဘုန်းတို့ မြတ်စွာဘုရားရှင်ဟောကြားခဲ့သလိုပဲ မဇ္ဈိမပဋိပဒါ ဆိုတဲ့ အလယ်အလတ်လမ်းစဉ်ကိုပဲ ကျင့်သုံးမယ်ဆိုရင် ဒီလိုအဖြစ်တွေ ရောက်မသွားပါဘူး။ ငွေကြေးရှာဖွေတယ်ဆိုတာကလဲ စုဆောင်းဖို့ချည်းတစ်ခုတည်းမှမဟုတ်တာ။ ငွေကို စီမံခန့်ခွဲရာမှာ သုံးစွဲဖို့တစ်ပုံ၊ ကျန်းမာရေးအတွက်တစ်ပုံ၊ စုဆောင်းဖို့တစ်ပုံ၊ လှူဒါန်းဖို့တစ်ပုံဆိုပြီး မျှမျှတတ၊ စနစ်တကျပြုလုပ်ထားမယ်ဆိုရင် ပစ္စုပ္ပန်အတွက်ကော သံသရာအတွက်ပါ ဒုက္ခမရောက်နိုင်ပါဘူး ဒကာကြီး။ ငွေရဲ့ကျေးကျွန်အဖြစ်မခံဘဲ ငွေရဲ့သခင်ဖြစ်ဖို့လိုတာပေါ့။ နောက်တစ်ခုက ဒကာကြီးတို့ မသုံးစွဲရက်လို့စုဆောင်းထားတဲ့ ပိုက်ဆံတွေဟာ ဘုန်းဘုန်းတို့ကလေးဘဝကဆော့ကစားရာမှာ ပိုက်ဆံအဖြစ်အသုံးပြုကြတဲ့ အကြွေစေ့တွေလို ဖြစ်နေတယ်။ စနစ်တကျ မသုံးစွဲခဲ့တော့ ပိုက်ဆံတွေဟာ ဒကာကြီးတို့လက်ထဲမှာ အသုံးမဝင်တန်ဖိုးမရှိတဲ့ အကြွေစေ့တွေသာဖြစ်နေကြတယ်။ ဒါကြောင့် ဒကာကြီးတို့ ဇနီးမောင်နှံဟာ အနှစ်မရှိတဲ့ အကြွေစေ့သူဌေးတွေသာ ဖြစ်နေကြတာပေါ့"

ဆရာတော်၏ ဆုံးမစကားများကို ဦးစိန်အောင် လေးစားစွာဖြင့်နာယူနေမိသည်။ ဆရာတော် ဥပမာပြသောအကြွေစေ့သူဌေးဘဝက လွတ်မြောက်အောင်လည်း ကြိုးစားအားထုတ်သွားမည်ဟု ဘုန်းကြီးကျောင်းမှ အပြန်လမ်းတွင် ဦးစိန်အောင် ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧကကို ယခုနှစ် ဇူလိုင်လ ဒုတိယပတ်အတွင်း လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါး လျာထားဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အရည်အသွေးကောင်း မျိုးကောင်း မျိုးသန့်စပါးများစိုက်ပျိုး ထုတ်လုပ်နိုင်ရေး၊ စပါးမျိုးစေ့ အသုံးပြုမှု မှန်ကန်စေရေး၊ ဓာတ်မြေဩဇာ စနစ်တကျ အသုံးပြုတတ်စေရေး၊ ဓာတ်မြေဩဇာအစားထိုးသစ်စိမ်းမြေဩဇာများ အသုံးပြု စိုက်ပျိုးနိုင်ရေး စသည့်နည်းစနစ်များကို လယ်မြေများထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့အတွင်းမှာ မိုးစပါး ၁၄၀၂၃ ဧကလျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့ လိုအပ်တဲ့အကူအညီတွေနဲ့နည်းပညာတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံများ လျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကန်ကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းခိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉၈ ဒသမ ၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆည်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅၂ ဒသမ ၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ်၂၀၀ ဒသမ ၉ သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် သိန်း ၂၄၀၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉၈ ဒသမ ၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**



# တန့်ယန်းမြို့နယ် တော်လောက်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**တန့်ယန်း ဇွန် ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်လောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၇ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော တော်လောက်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တော်လောက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရှိုသန်းညွန့်**

# ပညာအလင်းရောင် မီးတန်ဆောင်

\- အမှားအမှန် ခွဲခြားတတ်
မြင့်မြတ်သည့် ရတနာ၊
လောကဝယ် အမှောင်ခွင်းလို့
အလင်းရောင်ဖြာ၊
ကြိုးစားလို့ သင်ယူပါ
ဘဝတွက်တာ ခရီးလမ်း၊
ပညာကို အသုံးချလို့
လှပစိတ်ဝမ်း။

\- ဖိုးထိုက်တန် ပညာပန်းကို
ဆင်မြန်းဖို့ လေ့လာသင်၊
အလိမ္မာ စာမှာရှိ
ဖတ်မှတ်သိမြင်၊
ဇွဲလုံ့လ ဝီရိယယှဉ်
ဘဝတွင် အောင်မြင်ရေး၊
ပညာကို တန်ဖိုးထားလို့
ကြိုးစားမနေး။

\- ပန်းတိုင်ဆီ အနီးလေး
လမ်းပြပေး လူတို့ဘောင်၊
ယုံကြည်ရာ အနာဂတ်လမ်း
ဖြောင့်တန်းစေအောင်၊
ပညာရေး မျိုးဂုဏ်ရောင်
မီးတန်ဆောင် ထိန်ထိန်ဝင်း၊
အသိပညာ ဝေဖြာလက်လို့
တိုးတက်စေမင်း။ ။

**မင်းဝေအောင်(ရဲကျွန်း)**

# လှိုင်းဘွဲ့မြို့နယ် တောင်ခြေရင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇွန် ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမော့ကချူးကျေးရွာအုပ်စု တောင်ခြေရင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ တောင်ခြေရင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တောင်ခြေရင်းကျေးရွာ၌ ရေရရှိရေးအတွက် အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ်၂၆သန်း ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက တောင်ခြေရင်းကျေးရွာရှိ အိမ်ခြေ ၉၅အိမ်၊ လူ၅၉၀ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိတော့မည် ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

# ယာဉ်မတော်တဆမှုနှင့် နစ်နာမှုလျော်ကြေး

**စိန်လှိုင်ဗိုလ်**

လမ်းမကြီးငယ် အသွယ်သွယ်တွင် မောင်းနှင်သွားလာနေကြသော မော်တော်ယာဉ်များသည် မတော်တဆတိုက်မိမှုများ ရှိတတ်သည်။ ထိုအခါတွင် အမှုအခင်းများဖြစ်ပြီး တရားရုံးရောက်သည်။ တရားရုံးတွင် သက်သေများကို စစ်ဆေးပြီးနောက် ယာဉ်မောင်းသူ မည်သူက မှားယွင်းသည်။ သို့မဟုတ် နှစ်ဖက်စလုံး မှားယွင်းမှုရှိသည် စသည်ဖြင့် ပေါ်ပေါက်လာရာတွင် လျော်ကြေးကဏ္ဍနှင့်ပတ်သက်၍ စဉ်းစားရန်အကြောင်း ပေါ်ပေါက်လာသည်။ **တရားပြိုင်၏ မှားယွင်းမှု ပေါ့လျော့မှုကြောင့် ဖြစ်ပွားရသော ယာဉ်မတော်တဆမှု၊ ပေါ့လျော့မှုများတွင် ထည့်သွင်းစဉ်းစားရမည့်မူသဘောတရားများ**နှင့်ပတ်သက်၍ တရားရုံးတော်၏ ဆင်ခြင်သုံးသပ်ဆုံးဖြတ်ထုံးဖွဲ့ထားသော အမှုတစ်ခုကို အကြောင်းပြု၍ အများပြည်သူဗဟုသုတ ရရှိစေရန်အလို့ငှာ ရေးသားဖော်ပြပါမည်။

**အမှုဖြစ်စဉ်အကျဉ်း**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ရက်နေ့ ညသန်းခေါင်အချိန်ခန့်က တရားလိုပိုင်ဆိုင်သောယာဉ်ကို ယာဉ်မောင်း ဦးမြင့်ဇော်က မောင်းနှင်လာသည်။ ယာဉ် ပေါ်တွင် တရားလို၏ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်များ ဖြစ်သော ကိုရီးယားနိုင်ငံသားများ စီးနင်းလိုက်ပါလျက် ကုက္ကိုင်းလမ်းဆုံဘက်မှ (၈)မိုင် လမ်းဆုံဘက်သို့ ကမ္ဘာအေးဘုရားလမ်းမအတိုင်း မောင်းနှင်လာသည်။ အင်းလျားကန် ဟိုတယ်လမ်းငယ်ထိပ်သို့ ရောက်ရှိစဉ် အင်းလျားကန် ဟိုတယ်လမ်းငယ်ထဲမှ ထွက်လာသော တရားပြိုင် မောင်းနှင်လာသည့် ကားသည် ကမ္ဘာအေးဘုရားလမ်းမပေါ်သို့ မောင်းထွက်ရာ မဆင်မခြင် အရှိန်ပြင်းစွာဝင်ရောက်ခြင်းနှင့်ကွေ့ထွက်မောင်းနှင်ခြင်းပြုခဲ့သဖြင့် တရားလိုပိုင်ဆိုင်သောယာဉ်ကို ပြင်းထန်စွာဝင်တိုက်မိခဲ့ပါသည်။

တရားလို၏ ယာဉ်တစ်စီးလုံး နေရာတွင်ပင် မီးလောင်ခဲ့ခြင်း၊ ရန်ကုန်ဆေးရုံကြီးတွင် ကုန်ကျစရိတ်နှင့် လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အတွက် ဟိုတယ်ခ၊ လေယာဉ်ခ အပါအဝင် စုစုပေါင်း ဆုံးရှုံးနစ်နာမှု (၂၄၃၇၀၉၇၀/-)ကျပ်ရလိုမှုအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ တရားရုံးက တရားလိုတောင်းဆိုသော စုစုပေါင်းနစ်နာကြေးငွေ (၂၄၃၇၀၉၇၀/-)ကျပ်၏ သုံးပုံ နှစ်ပုံ ဖြစ်သော (၁၆၂၄၇၃၁၃/-)ကျပ်ကို တရားပြိုင်ထံမှ ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်ခဲ့သည်။ ဦးထက်ခိုင်ကြည်လင်းက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်မှုမရရှိခဲ့ပါ။ အထူးအယူခံဝင်ခွင့်ရရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ်-၃၀၈ တွင် လျှောက်ထားရာ ယာဉ်မတော်တဆမှုတွင် နှစ်ဖက်စလုံး၌ တာဝန်ရှိကြောင်း သုံးသပ်ထားမှုအပေါ် တရားပြိုင်မှ နစ်နာကြေးပေးရန်ကောက်ယူခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် ဥပဒေအရ မှန်ကန်ခြင်း ရှိ/မရှိ ဟူသော အရေးယူလောက်သည့် ပြဿနာအပေါ် ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးဖြစ်သောရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ငြင်းချက်နှစ်ရပ်ထုတ်နုတ်စစ်ဆေးခဲ့ပြီး ငြင်းချက်အမှတ်(၁)ကို တရားပြိုင် ဦးထက်ခိုင်ကြည်လင်းက မိမိမောင်းနှင်သောယာဉ်ကို မဆင်မခြင် အလွန်ပေါ့ဆစွာမောင်းနှင်ခဲ့မှုကြောင့် တရားလိုပိုင်ဆိုင်သောယာဉ်နှင့်တိုက်မိခဲ့ပြီး တရားလိုပိုင်ဆိုင်သော မော်တော်ယာဉ်မီးလောင်ပျက်စီးသွားခဲ့ရသည် ဆိုခြင်းမှာ မှန်ကြောင်းဖြေဆိုပြီး ငြင်းချက်အမှတ်(၂)ကို ယာဉ်မောင်းများက ထိုက်သင့်သောသတိမရှိဘဲမောင်းနှင်ခဲ့ကြခြင်းဖြစ်၍ တရားလို၏နစ်နာဆုံးရှုံးမှုသည် တရားပြိုင်တစ်ဦးတည်းအပေါ်တွင်သာမက တရားလို၏ ယာဉ်မောင်းတွင်လည်း တာဝန်ရှိသောကြောင့်



တရားလို တောင်းဆိုသော နစ်နာကြေးမှ တရားပြိုင် တာဝန်ရှိမှုဖြစ်သည့် သုံးပုံ နှစ်ပုံ အတွက်သာ ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်ခဲ့သည်ကို စိစစ်ဖော်ထုတ်ခဲ့သည်။

ပထမအယူခံရုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဖြစ်စဉ်တွင် တရားပြိုင်၏ မှားယွင်းမှုသည် အဓိကဖြစ်ပြီး ၎င်း၏မှားယွင်းမှုကြောင့်သာ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း တရားပြိုင်သည် တရားလို၏ နစ်နာဆုံးရှုံးမှုတွင် ပေးလျော်ရန် လုံးဝတာဝန်မရှိဟု ဆုံးဖြတ်ရန်အကြောင်း မရှိကြောင်း သုံးသပ်ပြီး မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လည်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို ဆက်လက်အတည်ပြုခဲ့ပါသည်ကို စိစစ်ဖော်ထုတ်ခဲ့ပါသည်။

တရားပြိုင် ဦးထက်ခိုင်ကြည်လင်းအပေါ် ရာဇသတ်ကြီး ပုဒ်မ-၃၃၇/၃၃၈ အရ အရေးယူသောအမှုတွင်အပြီးအပြတ်တရားသေလွှတ်ခဲ့ကြောင်းတရားလို၏ယာဉ်မောင်းသည် တရားရုံးကပြစ်ဒဏ်ချမှတ်ခြင်း ခံရကြောင်း အယူခံတရားလိုဘက်က တင်ပြထားသည်ကို ရုံးတော်ကရှုမြင်ခဲ့သည်။ **မင်္ဂလာသုစဆန် စက်ကုမ္ပဏီလီမိတက်နှင့် ဦးသန်းစိန် အမှု ၁၉၆၆ မတစ စာ -၇၉၄ အမှု**တွင် သဘော်ဆလင်ကို ရာဇဝတ်တရားရုံးက အမှုမှအပြီးအပြတ်လွှတ်ခဲ့သည့် စီရင်ချက်မိတ္တူကိုတင်ပြရာ **ရာဇဝတ်တရားရုံး၏ စီရင်ချက်သည် တရားမရုံးအပေါ်အတည်မဖြစ်ကြောင်း** သဘော်ဘက်က ပေါ့ဆမှုမရှိဟု သက်သေထင်ရှားသည့်အချက် မဟုတ်ကြောင်း ပြဆိုသည်။ ရာဇဝတ်ရုံး၏ စီရင်ဆုံးဖြတ်ချက်ကို တရားမမှုတွင် ထည့်သွင်းစဉ်းစားရန် မလိုအပ်ကြောင်းမှာ အခြေကျပြီးဖြစ်သော မူတစ်ရပ်ဖြစ်သည်ဟု အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

တရားပြိုင်၏ ရုံးရှေ့ထွက်ချက်တွင် ကျွန်တော်မောင်းသည့် ယာဉ်သည် လမ်းသွယ်မှလမ်းမကြီးသို့ ထွက်လာသည့်ကား တစ်နည်းအားဖြင့် အင်းလျားကန် ဟိုတယ်လမ်းသွယ်မှ ကမ္ဘာအေးဘုရားလမ်းသို့ ထွက်လာသည့်ကားဖြစ်သည်ဆိုလျှင်မှန်ကြောင်း လမ်းမတွင် မောင်းလာသောကားကို လမ်းသွယ်မှထွက်လာသောကားက ဦးစားပေးမောင်းရသည်ဆိုလျှင် မှန်ကြောင်း ကျွန်တော်၏ တိုယိုတာမက်အိပ်စ်ယာဉ်သည် ခလူဂါယာဉ်နှင့် တိုက်ပြီးနောက် ဘီဘီအငှားကားနှင့်လည်း ထပ်တိုက်မိသေးသည်ဆိုလျှင်မှန်ကြောင်း၊ ကျွန်တော်မောင်းသည့် မက်အိပ်စ်ယာဉ်နှင့် ခလူဂါယာဉ်တိုက်မိခြင်း၊ ကျွန်တော်၏ ယာဉ်နှင့် ဘီဘီအငှားယာဉ်တို့ ထပ်မံတိုက်မိခြင်းသည် ကျွန်တော်မောင်းသည့်ယာဉ်သည် ခလူဂါယာဉ်နှင့် တိုက်မိပြီးနောက် ရှေ့သို့ ဆက်လက်ရွေ့သွား၍သာ တိုက်မိခြင်းဖြစ်သည်ဆိုလျှင် မှန်ကြောင်း၊ သက်သေခံ(ဏ)မြေပုံကြမ်းအရ ကျွန်တော့်ကား ၄ယ/၉၇၂၉ မှားယွင်းကြောင်း ပေါ်လွင်နေသည်ဆိုလျှင် မှန်ပါသည်ဟူသော ထွက်ဆိုချက်အရ တရားပြိုင်သည် ယာဉ်ကို မဆင်မခြင် အလွန်မောင်းနှင်မှု တရားပြိုင်၏ မှားယွင်းမှုကြောင့် အချင်းဖြစ်ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း ပေါ်ပေါက်နေသည်ကို အထူးအယူခံရုံးက စိစစ်ဖော်ထုတ် သုံးသပ်ခဲ့ပါသည်။

မူလရုံးနှင့် အယူခံရုံးအဆင့်ဆင့်က အချင်းဖြစ်ယာဉ်တိုက်မှုသည် တရားပြိုင်က ယာဉ်ကို မဆင်မခြင် အလွန်မောင်းနှင်မှုကြောင့် ဖြစ်ကြောင်း တရားပြိုင်၏ မှားယွင်းမှုသည် အဓိကဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် တရားလို၏ယာဉ်မောင်းသည်လည်း မိမိယာဉ်ကြောအတိုင်း မောင်းနှင်လာစဉ် ထိုက်သင့်သောသတိမရှိဘဲ အရှိန်ဖြင့်မောင်းနှင်လာ၍ တရားပြိုင်၏ မှားယွင်းဝင်ရောက်လာသော ယာဉ်နှင့် အရှိန်ပြင်းစွာ တိုက်မိခြင်းဖြစ်ကြောင်း သုံးသပ်ခြင်းဖြစ်သည်။ ထိုသုံးသပ်ဆုံးဖြတ်ချက်များသည် အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များ တရားပြိုင်၏ ကိုယ်တိုင်ထွက်ဆိုချက်တို့အရ မှားယွင်းမှုမရှိကြောင်း အထူးခုံရုံးက စိစစ်သုံးသပ်ခဲ့ပါသည်။

အဓိကအားဖြင့် တရားပြိုင်၏ မှားယွင်းမှု ပေါ့လျော့မှုကြောင့် ဖြစ်ပွားရသော ယာဉ်မတော်တဆမှုတွင် တရားလိုကို ၎င်းတောင်းဆိုသော နစ်နာမှုလျော်ကြေး၏ သုံးပုံ နှစ်ပုံ ပေးစေရန် ချမှတ်သော အမိန့်သည် ပေါ့လျော့မှုများတွင် ထည့်သွင်းစဉ်းစားရမည့်မူသဘောတရားများနှင့် မကိုက်ညီမှု မဆိုနိုင်ကြောင်း အထူးခုံရုံးက သုံးသပ်ခဲ့ပါသည်။

ယခုအမှုတွင် နှစ်ဖက်စလုံးအပြစ်မကင်းသည့် အနေအထားဖြစ်သည်ဟု ကောက်ယူသုံးသပ်နိုင်သော်လည်း တရားပြိုင်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို အဦးအစ ချိုးဖောက်ပြီး ယာဉ်ကို မဆင်မခြင် အလွန်ပေါ့ဆစွာ မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားရကြောင်းနှင့် တရားပြိုင်၏ မှားယွင်းမှုသည် အဓိကဖြစ်ကြောင်းမှာ အမှုတွင် ပေါ်လွင်ထင်ရှားနေပေသည်။ တရားလို၏ ယာဉ်မောင်းပေါ့လျော့မှု ပါဝင်ခြင်းရှိသော်လည်း တရားပြိုင်၏ မဆင်မခြင်ပေါ့လျော့မှုနှင့် နှိုင်းယှဉ်သုံးသပ်လျက် တရားပြိုင်မှ နစ်နာကြေးပေးရန် တာဝန်ရှိကြောင်း၊ အမှုတွင် ပေါ်ပေါက်လျက်ရှိသည့် ထွက်ဆိုချက်များအပေါ် ကောက်ယူသုံးသပ်၍ ချမှတ်သောအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် တရားမျှတပြီး ဥပဒေအရ မှားယွင်းမှုမရှိကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ ကြားနာခဲ့သည့်ပြဿနာကို ယာဉ်မတော်တဆမှုတွင် နှစ်ဖက်စလုံး၌ တာဝန်ရှိကြောင်း သုံးသပ်ထားမှုအပေါ် တရားပြိုင်မှနစ်နာကြေးပေးရန် တာဝန်ရှိသည်ဟု ကောက်ယူခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် ဥပဒေအရ မှန်ကန်ကြောင်း ဖြေဆိုလိုက်ပါသည်။ ထို့ကြောင့် အထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။

ဦးထက်ခိုင်ကြည်လင်းနှင့် ဦးဇော်မိုးလေး (ကွယ်လွန်သူ ဒေါ်ကေသီခိုင်၏ တရားဝင် ကိုယ်စားလှယ်) ၂၀၂၁ ခုနှစ် တရားမအထူးအယူခံမှုအမှတ်-၁၅ ကို ရည်ညွှန်းကိုးကား ရေးသားဖော်ပြလိုက်ရပါသည်။

# ဆင်ပေါင်ဝဲမြို့နယ် မွန်းညောင်ပင်သာကျေးရွာတွင် VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဆင်ပေါင်ဝဲ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွန်းညောင်ပင်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများကလိုအပ်သည်များရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မွန်းညောင်ပင်သာကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိက လိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

# ကျုံပျော်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပိုလ်ကိတ်ပဲ ၄၂၅၇၉ ဧက ရိတ်သိမ်းပြီးစီး



**ကျုံပျော် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပိုလ်ကိတ်ပဲ ၄၂၅၇၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၂၅၇၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပိုလ်ကိတ်ပဲစိုက်ခင်းများကို မတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ပိုလ်ကိတ်ပဲ ၄၂၅၇၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးဖြစ်သော ပိုလ်ကိတ်ပဲ တစ်ဧကလျှင် ၁၅ ဒသမ ၆၆ တင်းထိ ထွက်ရှိကြောင်း သိရသည်။

“ကျုံပျော်ခရိုင်မှာ ပိုလ်ကိတ်ပဲ ၄၂၅၇၉ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပိုလ်ကိတ်ပဲတွေကို အခက်အခဲမရှိ ရိတ်သိမ်းနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဒေသခံတောင်သူတွေကို လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ကူညီဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၂၅၇၉ ဧကကို ကျုံပျော်မြို့နယ်တွင် ၁၆၂ ဧက၊ ရေကြည်မြို့နယ်တွင် ၂၈၁၃၃ ဧက၊ ကျောင်းကုန်းမြို့နယ်တွင် ၁၄၂၈၄ ဧက ရိတ်သိမ်းနိုင်ခဲ့ကြောင်း၊ အဆိုပါ ရိတ်သိမ်းခဲ့သော ပိုလ်ကိတ်ပဲများ အရည်အသွေးကောင်းမွန်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းခတ်မြို့နယ် တောင်သုံးလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မိုင်းခတ် ဇွန် ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်သုံးလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ တောင်သုံးလုံးကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ကျေးရွာပိုင် ဆီကြိတ်စက်ဝယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းခတ်မြို့နယ် တောင်သုံးလုံးကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ကျေးရွာပိုင် ဆီကြိတ်စက်ဝယ်ယူခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၀ ဒသမ ၉ သန်း အသုံးပြု၍ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်း ပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သုံးလုံးကျေးရွာရှိ ပြည်သူများ၏ ဆီထွက်သီးနှံများ ကြိတ်ခဲ့ရာတွင် ဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်နိုင်ပြီး စားသုံးဆီ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၈၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၈၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၆၈၁၇၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၉၁၄ ဧက၊ နှမ်း ၉၇၅ ဧက စုစုပေါင်း ၁၈၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဆီထွက်သီးနှံ ၆၈၁၇၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၈၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ် ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံ အထွက်နှုန်း ကောင်းမွန်စေဖို့လဲ ဆောင်ရွက်ပေးနေတယ်”ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ဧက ၃၆၁၄၀၊ နှမ်း ၂၆၈၆၉ ဧက၊ နေကြာ ၅၁၆၃ ဧက စုစုပေါင်း ၆၈၁၇၂ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆီထွက်သီးနှံများကို မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ သီးထပ်သီးညှပ်များဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ဒက္ခိဏသီရိမြို့နယ် ကျောက်ခဲအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ခဲအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျောက်ခဲအင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လယ်ဝေးခရိုင် ကျောက်ခဲအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့်စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကျောက်ခဲအင်းကျေးရွာရှိ အသင်းသား၊ အသင်းသူ ၂၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**

# မင်းလှမြို့နယ် ဂျင်ရဲမြောင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မင်းလှ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များရွေးချယ်ခြင်းကို ယနေ့ နံနက်ပိုင်းက ဂျင်ရဲမြောင်ကျေးရွာ၌ ပြုလုပ်ကြောင်း သိရသည်

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ဂျင်ရဲမြောင်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများ၊ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး အများဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် ဂျင်ရဲမြောင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ကဗျာအလှ၊ စာအလှ ( ၁၅ )

မန်းတင့်မော်

ကဗျာစာဆိုတို့၏ ကဗျာအလုပ်များက များပြားပါသည်။ ကဗျာမစပ်ဆိုရလျှင် မနေနိုင်။ အသွေးအသားထဲထိ ကဗျာကနေရာယူသည်ဟု ပြောနိုင်သည်။ အချို့သောကဗျာဆရာကမူ သူ့တစ်သက်တာတွင် ကဗျာပုဒ်ရေ များများမစပ်ဆိုသော်လည်း တစ်ပုဒ်ဆိုတစ်ပုဒ်ဆိုသလောက် ပြောင်မြောက်ကြသည်များလည်း ရှိသည်။ အချို့ကဗျာစာဆိုများသည် ကဗျာပုဒ်ရေများစွာကို ရေးဖွဲ့နိုင်ကြသည်။ ရေးသမျှကဗျာတိုင်းကလည်း ကောင်းကြသည်ချည်းသာ။ မြန်မာကဗျာစာဆိုများထဲတွင် အမျိုးသမီးကဗျာဆရာမများကလည်း ခေတ်အဆက်ဆက် ပါဝင်လျက်ရှိခဲ့ပါသည်။ နန်းတွင်းစာဆိုမှအစ ခေတ်စမ်းအလယ် ခေတ်ပေါ်အဆုံး မြန်မာ့ကဗျာဆရာမများ ပေါ်ထွက်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ အမျိုးသမီးကဗျာစာဆိုများထဲတွင် ဆရာမငွေတာရီမှာ ထင်ရှားသောကဗျာဆရာမတစ်ဦးဖြစ်ပါသည်။

ဆရာမငွေတာရီသည် အသက် ၁၂ နှစ်သမီးမှ စတင်၍ အသက် ၃၃ နှစ်အရွယ် ကွယ်လွန်ချိန်ထိ ကဗျာပုဒ်ရေ ၈၀၀ ကျော် ရေးဖွဲ့နိုင်ခဲ့သည်ဟု မှတ်တမ်းများက ဆိုပါသည်။ ဆရာမငွေတာရီ၏ ခင်ပွန်းဖြစ်သူ ကဗျာဆရာ အယ်ဒီတာ (မင်းယုဝေ-ကွယ်လွန်)နှင့် တွဲဖက်၍လည်း အီစွတ်ပုံပြင်များကို ဘာသာပြန်ခဲ့သေးသည်။ ကဗျာစာအုပ်များစွာနှင့် ပုံပြင်စကားပြေစာအုပ်များကိုလည်း ထုတ်ဝေခံခဲ့ရပါသည်။ ဆရာမငွေတာရီ၏ကဗျာအပေါ် ကိုင်းညွှတ်မှုကြီးမားပုံကို ဆရာမနှင့် ခေတ်ပြိုင်ကဗျာဆရာ၊ စာရေးဆရာကြီးများက ရှုထောင့်အသီးသီးမှ ဂုဏ်ပြုရေးသားခဲ့ကြပါသေးသည်။ ကဗျာဆရာမပီပီ တစ်သက်တာလုံး ကဗျာများနှင့်သာ နေထိုင်မွေ့လျော်သွားသူတစ်ဦးဖြစ်ကြောင်းလည်း မှတ်သားမိပါသည်။

ဆရာမငွေတာရီ၏ ကဗျာများမှာ ခေတ်စမ်းကဗျာများ၏ ဩဇာမကင်းဟု တချို့ကဆိုကြပါသည်။ သို့သော် ဂန္ထဝင်ဟန်များကိုလည်း တွေ့ရတတ်ပါသေးသည်။ ထို့ပြင် စမ်းသပ်တီထွင်ထားသော ကဗျာမျိုးကိုလည်း ရှားရှားပါးပါး တွေ့ရတတ်ပါသည်။ ဆရာမငွေတာရီ၏ "မိုး"အမည်ရှိ ကဗျာတစ်ပုဒ်ကို ဖော်ပြလိုပါသည်။

**မိုး**

- မှိုင်းမှုန်မှုန်
  အမွှန်မာန်ဖြိုး
  ဝသန်မိုးဝယ်
  မြူခိုးငယ်ခြုံ
  ဆိုင်းအုံ့အုံ့။

ကဗျာ၏ပထမပိုဒ်တွင် စာကြောင်းရေငါးကြောင်းပါဝင်သည်။ ရုတ်တရက်ဖတ်လိုက်လျှင် မြန်မာကဗျာအမျိုးအစားတစ်ခုဖြစ်သော "ဝဲရိုက်ဝဲသွင်း"ကဗျာဟု ထင်စရာရှိပါ၏။ ဝဲရိုက်ဝဲသွင်းကဗျာအသွားတွင် စကားလုံးသုံးလုံးသာပါဝင်ကြောင်း မှတ်သားဖူးရာ အထက်ပါကဗျာတွင် အချီနှင့်အချဥ်သာ စကားလုံးသုံးလုံးစီပါဝင်သော်လည်း အလယ်သုံးကြောင်းတွင် စကားလုံးလေးလုံးကို အသုံးပြုထားရာ စမ်းသပ်အားထုတ်ခဲ့လေသလားဟု အတွေးဆန့်မိပါသည်။ မိုးကိုအများသိ အမွှန်၊ ဝသန်ဟူ၍ သုံးထားသည်ကို သတိပြုမိပါသည်။ အများအားဖြင့် မိုးသားများအုံ့ဆိုင်းသည်ဟု ဆိုလေ့ရှိသော်လည်း "ဆိုင်းအုံ့အုံ့"ဟု အချပိုဒ်တွင်သုံးထားရာ စာသားအလှပေါ်လွင်အောင် သုံးစွဲထားသည်ဟု ယူဆနိုင်ပါသည်။ ကဗျာကိုဖတ်ရင်း သဘာဝပတ်ဝန်းကျင်ကို မြင်လာစေသည်။ မိုးသားတိမ်လိပ်တို့တက်လာပြီ။ မကြာမီမိုးရွာတော့မည်။ မြန်မာ့မိုးကာလကို စတင်မိတ်ဆက်ပေးသော ကဗျာအစ ကဗျာအလှဟုဆိုချင်ပါသည်။

ကဗျာပထမပိုဒ်တွင် အဆုံးသတ်ထားသော "ဆိုင်းအုံ့အုံ့"ဟူသည့် စာသားကို ဒုတိယပိုဒ်အစတွင် ပြန်လည်အသုံးပြုထားရာ တစ်မျိုးဆန်းသစ်လျက်ရှိသည်။ ရှေးရိုးမြန်မာ့ဂန္ထဝင်ရတု စသောကဗျာများတွင် အသံတူ၊ ကာရန်တူယူခြင်းမျိုး တွေ့ရတတ်သော်လည်း စကားလုံးကွဲပြားလေ့ရှိသည်။ ဆရာမငွေတာရီကမူ-

- ဆိုင်းအုံ့အုံ့
  ပဇ္ဇုန်မာန်ငြိုး
  စည်တံပိုးနှင့်
  ရိုက်ကြိုးသံစုံ

သိုင်းခြုံခြုံ။ဟု ဖွဲ့လိုက်ပြန်သည်။ မိုးကို "ပဇ္ဇုန်" ဟု ပြောင်း၍သုံးသည်။ မိုးခြိမ်းသံကို"စည်တံပိုးနှင့်" ဟုဆိုပြန်ရာ မြန်မာတို့သိပြီးဖြစ်သည့် နတ်စည်ဟိန်းသည်နှင့် ကိုက်ညီလျက်ရှိသည်။ ဤနေရာတွင် "တံပိုး" ဟူသည် လှိုင်းဟုအနက်မယူရဘဲ "တံပိုးခရာ" ဟူသော လေမှုတ်ကိရိယာဟု ယူရမည်ဖြစ်ကြောင်း ပညာရှင်များက ဆိုပါသည်။ ပထမအပိုဒ်ကဲ့သို့ပင် အချီအချစကားလုံးသုံးလုံးနှင့် အလယ်လေးလုံးစီ ရေးဖွဲ့ပါသည်။ ဆိုင်းအုံ့အုံ့နှင့် သိုင်းခြုံခြုံကို ကာရန်ယူလျက် နောက်ဆုံးပိုဒ်၏အစသုံးလုံးမှာ သိုင်းခြုံခြုံဖြင့် ပြန်လည်စတင်ပါသည်။ မိုးဘွဲ့များတွင် ပါလေ့ရှိသော မိုးခြိမ်းခြင်းကို ရိုက်ကြိုးသံစုံဟူ၍ ကဗျာအလှကို ပို၍ပေါ်လွင်အောင် ရေးဖွဲ့သည်ဟု မှတ်ယူချင်ပါသည်။

- သိုင်းခြုံခြုံ
  မေထုံခါတွင်
  မိုးလဝင်သည်
  ညိုသင်တိုင်းရုံ
  မှိုင်းမှုန်မှုန်။ ။

ကဗျာ၏ အဆုံးသတ်အပိုဒ်ဖြစ်ပါသည်။ "မေထုံခါတွင် မိုးလဝင်သည်"ဟုဆိုပြန်ရာ နယုန်လ၏ရာသီမှာ "မေထုန်"ရာသီဖြစ်ကြောင်း ရှေးစာများတွင်ပြဆိုပါသည်။ "လနယုန်မိုးသားလေးတွေစုံတော့"ဟူသောတေးသွားကို သတိရမိပါသေးသည်။ နယုန်မိုးသေးမြက်သားမွေးဟူသော အဆိုလည်းရှိသည်။ မိုးလုံးပတ်လည်ဟူသောစကားကို "ညိုသင်တိုင်းရုံ"ဟူသော စကားအလှဖြင့် တင်စားပြန်သည်။ "ရွှေမိုးလေးက ညိုတယ်"ဟူသော သီချင်းစာသားကလည်း တရစ်ဝဲဝဲကြားယောင်ဆဲပင်။ ကဗျာဆရာမငွေတာရီ၏ ကဗျာက တိုသော်လည်း နယုန်လ၏ မိုးဘွဲ့တစ်ပုဒ်အဖြစ် မှတ်သားနိုင်ပါသည်။

❖ "မေထုံခါတွင် မိုးလဝင်သည်"ဟုဆိုပြန်ရာ နယုန်လ၏ရာသီမှာ "မေထုန်"ရာသီဖြစ်ကြောင်း ရှေးစာများတွင်ပြဆိုပါသည်။ "လနယုန်မိုးသားလေးတွေစုံတော့"ဟူသောတေးသွားကို သတိရမိပါသေးသည်။ နယုန်မိုးသေးမြက်သားမွေးဟူသော အဆိုလည်းရှိသည်။ မိုးလုံးပတ်လည်ဟူသောစကားကို "ညိုသင်တိုင်းရုံ"ဟူသောစကားအလှဖြင့် တင်စားပြန်သည်။ "ရွှေမိုးလေးက ညိုတယ်"ဟူသောသီချင်းစာသားကလည်း တရစ်ဝဲဝဲကြားယောင်ဆဲပင်။ ကဗျာဆရာမငွေတာရီ၏ကဗျာက တိုသော်လည်း နယုန်လ၏မိုးဘွဲ့တစ်ပုဒ်အဖြစ် မှတ်သားနိုင်ပါသည်။ ❖

စာရေးချင်သူလူငယ်များစွာတွေ့ဖူးရာ စာရေးချင်သော်လည်း စာများများမဖတ်ကြကြောင်းသိရသည်။ စာများများဖတ်ရန် တိုက်တွန်းရပါ၏။ စကားပြေရေးချင်သူအတွက် မြန်မာစကားပြေ များများရှာဖွေဖတ်ရှုရမည်ဖြစ်ပါသည်။ သတင်း၊ ဆောင်းပါး၊ အက်ဆေး စသည်တို့ကို လက်လှမ်းမီသမျှ ညွှန်ပြရပါသည်။ မကြာသေးမီက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရေကန်များ ပြန်လည်တူးဖော်ဖော်ဆောင်မည့်သတင်းများကို ဖတ်ရှုရရာ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့် ၁၉၆၅ ခုနှစ်က ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခ တက္ကသိုလ်မောင်မောင်ကြီးက မြန်မာစာကျောင်းသား၊ ကျောင်းသူများနှင့် ပုဂံလေ့လာရေးသွားရင်း မြကန်ကို စိတ်ကူးဖြင့်မြင်သည့်အမြင်များကို "မြကန်" စကားပြေတွင် မှတ်တမ်းတင်ခဲ့ပါသည်။ စကားပြေအလှကို တွေ့မြင်နိုင်သော စာတစ်ပုဒ်ဟုဆိုချင်ပါသည်။ ဖတ်ရှုခံစားကြည့်ပါ။

"မြကန်သည် သာယာသည်။ တောင်ကျချောင်းကို ဆည်ထားသော ကန်ဖြစ်သတည်းဟုဆိုသည်။ မြကန်တွင်းသို့ တောင်ကျချောင်းကရေများ ပြေးဝင်သည်ကိုလည်းပြောပြ၏။ ရေ၏သဘောကိုလည်း အေးစွကြည်စွဟု ချီးကျူး၏။ ဆည်ထားသောကန်ပေါင် ကန်ပိုင်လည်း ခိုင်မာပေသည်ဟုပြော၏။ ကြည်သော အေးသောရေပေါ်ဝယ် ကြာအမျိုးစုံ ထုံထုံသင်းသင်း မွှေးကြိုင်နေပုံကို ပြောသဖြင့် ရေကိုလည်းကြည်နူးရ၏။ ကန်၏အတင့်အတယ်ကိုလည်း မြင်ရ၏။ ကြာမျိုးစုံ၏ ထုံသင်းသော ရနံ့တို့ကိုလည်း ရှူရှိုက်ရသယောင် ထင်မိ၏" မြန်မာစာဆရာပီပီ ဝါကျဖွဲ့ပုံ၊ စကားလုံးရွေးချယ်ပုံများက စကားပြေအလှကို ဖတ်ရမှတ်ရ အတုယူရသော စာဖြစ်ပါသည်။

မြန်မာစာရေးသားရာတွင် ဝါကျတိုများကို ရေးရသကဲ့သို့ ဝါကျရှည်များကိုလည်း အလျဥ်းသင့်သလို ရေးလေ့ရှိသည်။ စာဖတ်သူ၏ မျက်လုံးထဲတွင် မြင်ယောင်လာအောင်၊ စာဖတ်သူ၏အတွေးတွင် ထင်ဟပ်လာအောင် မြကန်၏သဘာဝကို ဆရာရေးဖွဲ့သည်မှာ "မြကန်တွင် ငှက်အမျိုးပေါင်း စုံပေသည်ဟုဆိုပြန်သည်။ ကျွန်တော့်အာရုံတွင် ဟင်္သာဖိုမအစုံအစုံ အအုပ်အအုပ် ကမ်းစပ်ကမ်းခုံတွင် နေပူဆာလှုံနေကြပုံကိုလည်းကောင်း၊ ကြိုးကြာစက္ကဝက်တို့ ပျံတုံနားတုံနေကြပုံကိုလည်းကောင်း၊ မယ်ညိုသောင်တင်း ရွှေပိန်ညင်းတို့ ဖော်ချင်း ငယ်ဘက်ပျော်ပွဲဖွဲ့နေကြပုံကိုလည်းကောင်း၊ ကမ်းယံကိုမှီခိုနေသော ဗျိုင်းပင်လျှင် ရေအောက်လျှို၍ ကြာရိုးကြာစွယ်တို့ကို ရှာဖွေစားသောက်နေကြပုံကိုလည်းကောင်း၊ စင်ရော်မြစ်တွေးများက တစ်စုတစ်ဝေး ချစ်သံပေးနေကြပုံကိုလည်းကောင်း၊ ချည်ခင်စွပ်ငှက်တို့ တောင်ပံခတ်လျက် တီတီတွတ်တီတီတွတ်ဖြင့် ခြေဖျားရေမစွတ် မြူးတုံပျံတုံနေကြပုံကိုလည်းကောင်း တရေးရေးမြင်ယောင်ရပြန်သည်"ဟု ဖြစ်ရာ ဝါကျရှည်သုံးရာတွင်လည်း စာအလှပေါ်လွင် ငှက်မျိုးစုံသဘာဝကလည်း မြင်သာထင်သာရှိလှပါပေသည်။

ဆရာတက္ကသိုလ် မောင်မောင်ကြီးတို့သွားစဉ်ကာလက မြကန်၏အခြေအနေမှာ ယိုယွင်းနေသည်။ ယခုအခါ ပြန်လည်ပြုပြင်ထား၍ မြကန်အလှပြန်လည်အသက်ဝင်ပြီဟု ဆိုနိုင်ပါလိမ့်မည်။ ပုဂံနယ်မြေက အခြားသောကန်များလည်း ပြန်လည်တူးဖော်ပြုပြင်နေသောကြောင့် ပြုပြင်ပြီးလျှင် ပို၍ပို၍ သာယာလာမည်မှာမလွဲပါ။ ဆရာတို့သွားခဲ့စဉ်က မြကန်၏အနေအထားကို သရုပ်ဖော်ခဲ့ပုံကိုလည်း ဖော်ပြလိုပါသေးသည်။ "မြကန်ကား ကောလုနီးနီးရှိပြီ။ ရေစပ်စပ်ရေကွက်ကွက် ထနေသည်ကိုသာ တွေ့ရတော့သည်။ ချုံနွယ်ပိတ်ပေါင်းတို့လည်း ပြည့်နှက်လွှမ်းအုပ်နေပေပြီ။ ကျွန်တော်တို့ရောက်နေစဉ် ကန်ပေါင်နှင့် ရေကန်ပီပီ မြင်ရပေသေးသည်"ဟု မှတ်တမ်းပြုခဲ့သည်။ စကားပြေကောင်းတစ်ပုဒ်ဖြစ်သကဲ့သို့ ခရီးသွားစာပေအမျိုးအစားတွင်လည်း ပါနိုင်လိမ့်မည်ဖြစ်သည်။

ကဗျာကောင်း၊ စာကောင်းတို့မည်သည် ကဗျာအလှ၊ စာအလှတို့နှင့် ပြည့်စုံစမြဲပင်ဖြစ်သည်။ ကဗျာအလှ၊ စာအလှတို့ ဖူးပွင့်စေရန်မှာလည်း စာပေရေးသားသူ စာပေဥယျာဉ်မှူးတို့၏ တာဝန်တစ်ရပ်ဟု ထင်မြင်မိပါသည်။ ကဗျာအလှ၊ စာအလှများကား မြန်မာစာပေဥယျာဉ်ကြီးထဲတွင် ခူးမကုန် ဆွတ်မခန်းဟုဆိုရလောက်အောင် ပေါကြွယ်ဝလျက်ရှိနေပါသည်ဟူ၍လည်း ဆိုလိုက်ချင်ပါသည်။

**ကိုးကား**


**၁။ ငွေတာရီကဗျာပေါင်းချုပ်**

**၂။ မြကန်-အထက်တန်းစကားပြေလက်ရွေးစင်**


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အီကွေဒေါ်နိုင်ငံတွင် မြေပြိုကျမှုကြောင့် လူ ခြောက်ဦးထက်မနည်းသေဆုံးပြီး ၁၉ ဦးဒဏ်ရာရရှိ



**ကွီတို ဇွန် ၁၈**

အီကွေဒေါ်နိုင်ငံ ဘာနို့စ်ဒီအဂွါဆန်တာမြို့တွင် ဇွန် ၁၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းကာ တောင်ကျရေများကြောင့် မြေပြိုကျမှုဖြစ်ပေါ်သဖြင့် လူခြောက်ဦးထက်မနည်း သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီကွေဒေါနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အီကွေဒေါ ကယ်ဆယ်ရေးအဖွဲ့အစည်းက မြေပြိုကျသည့်ဧရိယာများတွင် ကယ်ဆယ်ရေးဝန်ထမ်းများကိုစေလွှတ်ကာ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသမှုခံယူနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မြေပြိုကျမှုကြောင့် ဘာနို့ဒီအဂွါဆန်တာမြို့မှာ ဒေသခံခြောက်ယောက် သေဆုံးပြီး ၁၉ ယောက် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ သေဆုံးသွားခဲ့တဲ့ ဒေသခံတွေရဲ့မိသားစုနဲ့အတူ ထပ်တူဝမ်းနည်းမိပါတယ်။ မိသားစု တော်တော်များများကလဲ မြေပြိုကျမှုကြောင့် တော်တော်လေးကို ဒုက္ခခံစားနေရတယ်။ လိုအပ်သလောက် ကူညီပံ့ပိုးမှုတွေပြုလုပ်ပေးသွားပါမယ်"ဟု အီကွေဒေါ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရော်ဘတ်တိုက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသုံးရုံတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ယာယီပိတ်ထားရကြောင်း၊ မြေပြိုကျမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဘာနို့စ်ဒီအဂွါဆန်တာမြို့တွင် လမ်းမကြီးတချို့ ပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိပြီး မြေပြိုကျရာတွင် အရွယ်အစားကြီးမားသည့် ကျောက်တုံးကျောက်ခဲများလည်းပါဝင်နေခြင်းကြောင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် စက်ယန္တရားများ လိုအပ်လျက်ရှိကြောင်း၊ မြေပြိုကျမှုဖြစ်ပေါ်နေသည့်ဧရိယာကို သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေ ကြေညာထားပြီး လေကြောင်းခရီးစဉ်များကိုလည်း ယာယီရပ်ဆိုင်းထားကြောင်း အီကွေဒေါနိုင်ငံအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တရုတ်နိုင်ငံ ကွမ်တုံးပြည်နယ်နှင့် ဖူးကျန်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူကိုးဦးသေဆုံးကာ ၁၇ ဦး ပျောက်ဆုံး

**ပေကျင်း ဇွန် ၁၈**

တရုတ်နိုင်ငံ ကမ်းရိုးတန်းပြည်နယ်များဖြစ်သော ကွမ်တုံးပြည်နယ်နှင့် ဖူးကျန်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ကိုးဦးသေဆုံးကာ လူ ၁၇ ဦး ပျောက်ဆုံးနေကြောင်း နိုင်ငံပိုင်မီဒီယာနှင့်ဒေသဆိုင်ရာ အာဏာပိုင်များက ဇွန် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကွမ်တုံးပြည်နယ်တွင် လူငါးဦး သေဆုံးခဲ့ပြီး လူ ၁၅ ဦး ပျောက်ဆုံးခဲ့ကြောင်း၊ ဖူးကျန်းပြည်နယ်တွင် လူလေးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးခဲ့ကြောင်း၊ ထို့ပြင် မိုးရွာသွန်းမှုကြောင့် နေအိမ် ၃၇၈ လုံး ပြိုကျပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်နယ်များတွင် မိုးရေချိန်လက်မသည် ၂၄ နာရီအတွင်း ၁၄ ဒသမ ၅ လက်မထိရှိခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော ရေလွှမ်းမိုးမှု၏ အရေးပေါ် တုံ့ပြန်မှုအဆင့်ကို မြှင့်တင်ရန် တာဝန်ရှိသူများက နှိုးဆော်ခဲ့ရပြီး ရေဘေးသင့်သူများကိုကယ်ဆယ်ရန်နှင့် ပံ့ပိုးရေးပစ္စည်းများ ပေးပို့ရန် ရဟတ်ယာဉ်များစေလွှတ်ခဲ့ရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဆုံးရှုံးခဲ့ရမှုသည် တရုတ်ယွမ်ငွေ ၄၁၅ သန်းရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များထံမှ သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံတောင်ပိုင်း၏ နေရာဒေသအတော်များများသည် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုပြဿနာများဖြင့် ရင်ဆိုင်နေရသည့်အတွက် အဆိုပါနေရာများကို ရေလွှမ်းမိုးမှု သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KZ**

# ဆော်ဒီအာရေဗျနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့်ရောဂါကြောင့် ရုတ်တရက်သေဆုံးသူ ၁၄ ဦး ထက်မနည်းရှိခဲ့

**ရီယာဒ် ဇွန် ၁၈**

ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး အပူ ချိန် မြင့်တက်မှုနှင့်ဆက်စပ်သည့် ရောဂါဝေဒနာများကြောင့် ရုတ်တရက် သေဆုံးသူ ၁၄ ဦး ထက်မနည်းရှိခဲ့ကြောင်း ဆော်ဒီအာရေဗျနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူအများစုမှာ ဂျော်ဒန်နိုင်ငံမှ လာရောက်လည်ပတ်သည့် ခရီးသည်များဖြစ်ကြပြီး အများစုမှာ အပူဒဏ်ကြောင့် အပူလျှပ်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံတွင် လက်ရှိ အပူချိန်မှာ ၄၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန် မြင့်တက်မှုနှင့်ဆက်စပ်သည့် ရောဂါဝေဒနာများကြောင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေရသူများရှိကြောင်း ဆော်ဒီအာရေဗျနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

သေဆုံးသူများအနက် အီရန်နိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံသို့ လာရောက် လည်ပတ်နေသူများလည်းပါဝင်ခဲ့ကြောင်း၊ အပူချိန်မြင့်တက်နေသည့် ဧရိယာများမှာ မက္ကာမြို့အပြင် မက်ဒီနာမြို့တွင်လည်း အပူချိန်မြင့်တက်နေပြီး သေဆုံးသူတချို့မှာ မက်ဒီနာမြို့သို့ သွားရောက်လည်ပတ်သည့် ခရီးသည်များဖြစ်ကြောင်း သိရသည်။



အပူလျှပ်သည့် ရောဂါဝေဒနာဖြင့် ခံစားနေရသူဦးရေ ၂၇၆၀ ထိ ရှိနေပြီး လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးနေကြောင်းလည်း ဆော်ဒီအာရေဗျနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမတ် အယ်လ်အဘ်ဒူလာလီက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# အမေရိကအလယ်ပိုင်းနိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် လူ ၁၃ ဦး သေဆုံး

**ဆန်ဆာဗေဒိုး ဇွန် ၁၈**

အမေရိကအလယ်ပိုင်းနိုင်ငံများဖြစ်သော အယ်လ်ဆာဗေဒိုးနှင့် ဂွါတီမာလာနိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း နှစ်နိုင်ငံမှအာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အယ်လ်ဆာဗေဒိုးနှင့် ဂွါတီမာလာတို့တွင် ဇွန် ၁၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အယ်လ်ဆာဗေဒိုးတွင် လူ ၁၁ ဦး၊ ဂွါတီမာလာတွင် နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ဂွါတီမာလာတွင် သေဆုံးခဲ့သူနှစ်ဦးမှာ အသက် ၅၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၆၈ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်ပြီး ၎င်းတို့သည် နံရံပြိုကျပိမိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် လူဦးရေ ၉၀၀ ခန့်သည် ယာယီတဲများတွင် နေထိုင်နေရကြောင်း အရပ်ဘက်ကာကွယ်စောင့်ရှောက်ရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးခဲ့သူများထဲတွင် ကလေးငယ်များ ပါဝင်ကြောင်း၊ လမ်းများပေါ်သို့ သစ်ပင်များ လဲကျရာမှဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကြောင့် သေဆုံးခဲ့သူများလည်းရှိကြောင်း အရပ်ဘက် ကာကွယ်စောင့်ရှောက်ရေးအာဏာပိုင်အကြီးအကဲ Luis Amaya က ပြောကြားခဲ့သည်။

ဇွန် ၁၈ ရက်ကို ဖက်ဒရယ်အားလပ်ရက်အဖြစ် သတ်မှတ်ပေးရန် ကွန်ဂရက်လွှတ်တော်ကို တောင်းဆိုထားကြောင်း၊ ယခုကဲ့သို့ ကြေကွဲစရာဖြစ်ရပ်များ ထပ်မံမဖြစ်စေရေးအတွက် သဘာဝဘေးအန္တရာယ်များဖြစ်ပွားမှုကို လျှော့ချနိုင်ရေးကြိုးပမ်းသင့်ကြောင်း အယ်လ်ဆာဗေဒိုးသမ္မတ Nayib Bukele က ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : KZ**

# အိန္ဒိယနိုင်ငံ၌ ယခုနှစ် မိုးရာသီကာလတွင်လည်း ပုံမှန်ထက်မိုးရွာသွန်းမှုပမာဏ နည်းပါးနေ

**နယူးဒေလီ ဇွန် ၁၈**

အိန္ဒိယနိုင်ငံသည် ၂၀၁၇ ခုနှစ်နောက်ပိုင်း မိုးရာသီကာလများ၌ မိုးရွာသွန်းမှုမှာ ပုံမှန်ရွာသွန်းလေ့ရှိသည့်နှုန်းထက် နည်းပါးခဲ့ပြီး ယခုနှစ် မိုးရာသီကာလတွင်လည်း မိုးရွာသွန်းမှုပမာဏ နည်းပါးနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်မှုကြောင့် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုပိုမိုကျဆင်းလာကြောင်း၊ အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုနည်းပါးလာခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ ကျဆင်းလာကြောင်း၊ ဇွန် ၁ ရက်နောက်ပိုင်း မိုးရွာသွန်းမှုသည် ပုံမှန်ထက် ၂၀ ရာခိုင်နှုန်းထိ လျော့နည်းခဲ့ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေး ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မိုးရွာသွန်းမှုနှုန်းတွေက တစ်နှစ်ထက်တစ်နှစ် လျော့ကျလာတယ်။ ဒီနှစ်မှာလဲ မိုးရွာသွန်းမှုလျော့ကျလာတာဖြစ်ပါတယ်။ အပူချိန်တွေလဲ မြင့်တက်နေတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုနှစ်တွင် အိန္ဒိယနိုင်ငံအရှေ့မြောက်ဘက်ပိုင်း၌ မိုးရွာသွန်းမှုသည် ယခင်နှစ်များကထက် ၂၀ ရာခိုင်နှုန်းထိ လျော့နည်းခဲ့ပြီး အနောက်မြောက်ဘက်ပိုင်းတွင်မူ မိုးရွာသွန်းမှုနှုန်းမှာ ၆၈ ရာခိုင်နှုန်းထိ လျော့နည်းခဲ့ကြောင်း၊ စက်တင်ဘာလထိ ရှည်ကြာမည့် မိုးရာသီကာလအတွင်း လုံလောက်သော မိုးရွာသွန်းမှုမရှိပါက ကမ္ဘာ့စပါး ဒုတိယမြောက်အများဆုံး ထုတ်လုပ်နိုင်သည့် အိန္ဒိယနိုင်ငံအတွက် အခက်အခဲများ ရှိလာနိုင်ကြောင်း သိရသည်။

မိုးရွာသွန်းမှုနှုန်းလျော့ကျလာသည့်အပြင် အပူလှိုင်းများပါ ဖြတ်သန်းလာခြင်းကြောင့် မွေးမြူရေးကဏ္ဍတွင်လည်း ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး ပြည်သူတချို့လည်း အပူနှင့်ဆက်စပ်သော ရောဂါများကြောင့် သေဆုံးခဲ့ရကြောင်း၊ သို့သော် အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ လာမည့်ရက်သတ္တပတ်တွင် အပူချိန် မြင့်တက်မှုကျဆင်းလာဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ




အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၄)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ (MONEY CHANGE COUNTER) (၀၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။


## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျောင်းရှစ်ဆယ်ကျေးရွာ အုပ်စု၊ နတ်စဉ်ကုန်းကွက်သစ်နေ ဦးနိုင်လင်းအောင် မှ **(1) DUWON (2) STAR (3) DV (4) NY** တံဆိပ်(၄)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခု ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန်စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ နိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးနိုင်လင်းအောင် ထံတွင် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာ ချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနိုင်လင်းအောင် (၇/အတန(နိုင်)၀၈၅၃၂၅)**
**၀၉-၆၈၃၀၁၃၃၂၄**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

အောင်လံ-ကိုးပင်-သစ်ရာကောက်-မကွေးလမ်းချောင်းကောက်စံပြကျေးရွာ၊ ဆင်ပေါင်ဝဲ မြို့နယ်၊ မကွေးတိုင်းဒေသကြီးနေ ဦးရဲနိုင်မှ (1) **Zwel** (2) **Sky** (3) **Majestic** အမည်(၃)မျိုးအနက်မှ သင့်လျော်သောအမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန်စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိ သော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးရဲနိုင် ထံတွင် လူကိုယ်တိုင်လာရောက် ၍ ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာ ချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရဲနိုင်(၇/ပမန(နိုင်)၁၅၄၂၇၇) အောင်လံ-ကိုးပင်-သစ်ရာကောက်-မကွေးလမ်း၊ ချောင်းကောက်စံပြကျေးရွာ၊ဆင်ပေါင်ဝဲမြို့နယ်၊မကွေးတိုင်းဒေသကြီး၊၀၉-၇၇၈၀၀၈၀၀၆**


ခြင်ဆေးခွေ
သုံးလျှင်
သတိယူ၍
အောက်တွင်
ခံခွက်
မမေ့နှင့်


## စက်အပိုပစ္စည်းအရောင်းဆိုင်တွင် တာဝန်ထမ်းဆောင်ရန်

| | | | |
|---|---|---|---|
| ၁။ Computer စာရင်းကိုင် | မ | (၃) | ဦး |
| ၂။ Driver | ကျား | (၁) | ဦး |
| ၃။ အထွေထွေ | ကျား | (၃) | ဦး |

CV Form နှင့်တကွ လိုအပ်သော စာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အဆောင်-၂၂၊ အခန်း (၂,၃)၊ မြတေီမင်းကြီး ၂၄လမ်း၊ 75/ C× D ကြား၊ ကွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

လျှောက်ထားချိန်- 11:00 AM to 5:00 PM
09-789940696

## ဝန်ထမ်းအလိုရှိသည်

**အမျိုးသမီး (၁) ဦး**

- ထမင်း၊ဟင်းချက်/ သန့်ရှင်းရေး
- နံနက် (၈)နာရီမှ (၃)နာရီ
- လစာ (၂၇၀,၀၀၀/-)
- ဆိုင်ကယ်စီးတတ်ရမည်
- Ph; 09-897963260


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



ပလင်ငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

❖ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ ကောင်းမွန်စေရေးအတွက် မိသားစုဝင်များ၊ နိုင်ငံသူ၊ နိုင်ငံသားများကသာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မိသားစုကို ချစ်သည့်စိတ်၊ နိုင်ငံကို ချစ်သည့်စိတ်များရရှိကြစေရေး မိမိတို့အနေဖြင့် အမျိုးသားရေးကိစ္စ တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)မှ အဖွဲ့ဝင်များကို တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ယနေ့ညနေပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

## MNL Cup ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်မှုကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၈**

MNL Cup ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် ဇွန် ၁၉ ရက် **(ယနေ့)** ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါယှဉ်ပြိုင်ကစားကြပွဲများကို ဇွန် ၁၉ ရက်**(ယနေ့)**ညနေ ၅ နာရီ မိနစ် ၂၀ မှစတင်၍ MRTV-HD၊ MRTV Sports Channel၊ MRTV Parliament Channel၊ MWD-HD Channel၊ MWD Variety-HD Channel၊ Channel Light Channel၊ မြန်မာ့အသံရေဒီယိုနှင့် MRTV APP:အပါအဝင် Onlineတို့မှ တစ်ပြိုင်တည်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထိုသို့ထုတ်လွှင့်စဉ် MRTV-HD Channel ၌ ည ၈ နာရီ သတင်းထုတ်လွှင့်မှုကို ပုံမှန်အတိုင်းထုတ်လွှင့်မည်ဖြစ်၍ ဘောလုံးပွဲစဉ်ထုတ်လွှင့်မှုကို MRTV Sports Channel နှင့် MRTV Parliament Channel တို့တွင် ဆက်လက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**အာဆီယံယူ-၁၆ ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်ယူ-၁၆ အသင်း ကစားသမားစာရင်း ထုတ်ပြန်ကြေညာ**

*စာမျက်နှာ - ၉*

**ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ရခိုင်ပြည်နယ်သို့ သယ်ဆောင်မည့် ငွေကျပ် ၁ ဒသမ ၇၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၆ သိန်း ဖမ်းဆီးရမိ**

*စာမျက်နှာ - ၂၂*


Central Hotel
YANGON
အမှတ် - (၃၃၃ ~ ၃၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၁ ~ ၈၂၄၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..